# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇွန် ၁၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၄၉)


**ဗိုလ်တာဝန်အရေး(၃)ပါး**

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေါ်တူဂီနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၁၂ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အာနီဘယ် အန်တိုနီယို ကာဗာကို ဆီးလ်ဗာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေါ်တူဂီနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၁၂ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပီဒရို မန်နျူရယ် ပက်ဆော့စ် ကိုရယ်လ်ဟို မိုမန်ဒီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## နိုင်ငံတော်အစိုးရအနေဖြင့် ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး အလေးထားဆောင်ရွက်ပေးနေ

## နိုင်ငံတော်အကျိုး၊ ဒေသအကျိုး ပံ့ပိုးပေးနေသည့် ရွှေချောင်းတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကူညီ

## မကွေးတိုင်းဒေသကြီး ပခုက္ကူ–မုံရွာလမ်းပေါ်မှ အရှည်ပေ ၉၀၀ ရှိ ရွှေချောင်းတံတားအမှတ်(၁)ဖွင့်

နေပြည်တော် ဇွန် ၉

ပခုက္ကူမြို့နှင့် ပုသိမ်-မုံရွာလမ်းသို့ ဆက်စပ်သွားလာနိုင်သော အစိတ်အပိုင်းတစ်ခုဖြစ်သည့်အပြင် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်နှင့် မြိုင်မြို့နယ်တို့မှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အထိလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အထိလည်းကောင်း အလျင်အမြန် ဆက်သွယ်သွားလာနိုင်မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက် ပေ ၁၈၀နှင့်အထက် ၁၅ စင်းမြောက်ဖြစ်သော မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ပခုက္ကူ-မုံရွာလမ်းပေါ်ရှိ ရွှေချောင်းတံတားအမှတ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❖



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များ ရွှေချောင်းတံတားအမှတ်(၁)ပေါ်မှ ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)



ပခုက္ကူမြို့နယ် ပခုက္ကူ-မုံရွာလမ်းပေါ်ရှိ ရွှေချောင်းတံတားအမှတ်(၁)ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဇွန် ၁၀ ရက်)

# ကလေးများနှင့် ဝမ်းရောဂါ

မိုးဦးကာလ၌ ဖြစ်ပွားတတ်သောရောဂါများတွင် ဝမ်းရောဂါသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဝမ်းရောဂါသည် ကူးစက်တတ်သောရောဂါဖြစ်သည်။ စနစ်တကျကုသမှုခံယူခြင်းမရှိလျှင် အသက်ဆုံးရှုံးနိုင်သည်အထိဖြစ်နိုင်သည်။ အထူးသဖြင့် ဝမ်းရောဂါသည် ကလေးများတွင်ဖြစ်ပွားမှု အများဆုံးဖြစ်သည်။

ဝမ်းရောဂါဖြစ်ပွားရခြင်း၏ အဓိကအကြောင်းအရင်းသည် မသန့်ရှင်းသော သောက်သုံးရေကို သောက်သုံးမိခြင်း၊ ယင်နားစာများကို စားသုံးမိခြင်း၊ အစာမစားမီ လက်ကိုစင်ကြယ်စွာဆေးကြောမှုမရှိခြင်းတို့ဖြစ်ကြောင်း ဆရာဝန်များက မကြာခဏပြောကြားလေ့ရှိသည်။ အထူးသဖြင့် အဖုံးအအုပ်မပါသော လမ်းဘေးဈေးဆိုင်များမှ ယင်နားပြီး အသုပ်စုံ၊ အကြော်စုံမုန့်များ၊ မုန့်ဟင်းခါးစသော အစားအသောက်များနှင့် မုန့်ပဲသွားရေစာများ စားသုံးမိခြင်းကြောင့်ဖြစ်သည်။

မိုးဦးကာလတွင် ဝမ်းရောဂါပိုးကိုသယ်ဆောင်သော ယင်ကောင်များပေါက်ပွားမှု အများဆုံးဖြစ်ခြင်းကြောင့်လည်း ရောဂါပျံ့နှံ့ကူးစက်မှု အများဆုံးဖြစ်ပွားလေ့ရှိပါသည်။ လူတို့အနေဖြင့် ဝမ်းရောဂါဖြစ်ပွားမှုလျော့နည်းစေရေးအတွက် အစားအသောက်များရောင်းချရာတွင် အဖုံးအအုပ်တို့ဖြင့် ရောင်းချသင့်ပါသည်။ ထို့အပြင် နေအိမ်တိုင်း နေအိမ်တိုင်းတို့တွင် ယင်လုံအိမ်သာများ ဆောက်လုပ်အသုံးပြုသင့်ပါသည်။ ကလေးမိခင်များအနေဖြင့် မိမိတို့၏ကလေးများအား တွေ့ရာနေရာအညစ်အကြေးစွန့်ခြင်း အလေ့အထကို ရှောင်ကြဉ်သင့်ပါသည်။ အိမ်သာတက်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့် ဆေးကြောသည့်အလေ့အထကို ပြုကျင့်သင့်ပါသည်။

ဝမ်းရောဂါဖြစ်ပွားသော ကလေးတစ်ဦးသည် ဝမ်းသွားမှုအကြိမ်ငါးကြိမ်ထက်ပိုပါက နီးစပ်ရာဆေးရုံဆေးခန်းသို့ အမြန်ဆုံးသွားရောက်ကုသမှုခံယူသင့်ပါသည်။ ဝမ်းသွားမှုအကြိမ်အလွန်များပါက အသက်အန္တရာယ်ရှိနိုင်ပါသည်။ မိမိတို့အိမ်တွင် ဝမ်းသွားမှုလွန်ကဲနေသောကလေးအား ဆေးမြီးတိုများနှင့် ကုသခြင်းကိုရှောင်ကြဉ်သင့်ပါသည်။ ဆရာဝန်ညွှန်ကြားချက်မပါသော ကုသမှုသည် လူနာအတွက် အကောင်းထက်အဆိုး ဖြစ်ပွားစေနိုင်ပါသည်။ နီးစပ်ရာဆေးခန်း၌ ပြသကုသခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

ဝမ်းရောဂါဖြစ်သည့်ကလေးများအတွက် အကောင်းဆုံးသည် ဓာတ်ဆားရည်တိုက်ကျွေးခြင်းဖြစ်ပါသည်။ ဓာတ်ဆားရည်သည် ဝမ်းသွားနေသူများအတွက် အားအင်ကိုဖြစ်စေပါသည်။ ဆရာဝန်ညွှန်ကြားချက်ဖြင့် ဓာတ်ဆားရည်နှင့် ဝမ်းသွားမှုကိုကာကွယ်နိုင်သောဆေးတို့ကို ရောစပ်တိုက်ကျွေးခြင်းဖြင့် အမြန်အားအင်ပြည့်ဖြိုးလာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ယခုကဲ့သို့ဝမ်းရောဂါ ဖြစ်ပွားတတ်သောရာသီတွင် ယင်နားစာများစားသုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ရေကိုကျိုချက်သောက်ခြင်း၊ ရေသန့်ဆေးသုံးစွဲခြင်း၊ အစာမစားမီ လက်ကိုစင်ကြယ်စွာဆေးကြောခြင်း၊ အိမ်သာတက်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့်ဆေးကြောခြင်းစသော ရှောင်ရန်၊ ဆောင်ရန်များကိုလိုက်နာခြင်းဖြင့် ဝမ်းရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။



## ပဲခူးမြို့၌ တစ်ရွာတစ်ကေ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပဲခူး ဇွန် ၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လသာကုန်းကျေးရွာ၌ ဇွန် ၄ ရက် နံနက်က တစ်ရွာတစ်ကေသစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။ အဆိုပါစိုက်ပျိုးပွဲတွင် ပဲခူးခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဂျွန်ထွန်းဦး၊ ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးလွင်နှင့် သစ်တောဝန်ထမ်းများ၊ လသာကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစန်းလွင်နှင့် ကျေးရွာသူကျေးရွာသားများ၊ လသာကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးဌေးကြွယ်နှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၀၀ ခန့်သည် ကျေးလက်အိမ်ရာထူထောင်ရေးနှင့် ကျေးရွာပိုင်သစ်တောစိုက်ခင်း တည်ထောင်ခြင်းစီမံချက်အရ တစ်ရွာတစ်ကေအတွက် ယူကလစ်အပင် ၆၀၀ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ်သစ်တော)

## ဂါန်းဇွန်မြို့နယ် သာသနာနုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲကျင်းပ

ဂါန်းဇွန် ဇွန် ၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် သာသနာနုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲ၊ အသင်းဝင်ခွင့် လျှောက်လွှာပေးအပ်ပွဲနှင့် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃ ရက် နံနက် ၈ နာရီက အသင်းရုံးတည်ရှိရာ ခိုနန်းကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် အသင်း ဥက္ကဋ္ဌ ဦးသိန်းထွန်းတို့က အသင်းဆိုင်းဘုတ်ကို ရွှေခြည်ငွေခြည်ကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အသင်းဝင်ခွင့်လျှောက်လွှာ ပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ မြို့ပေါ်ရပ်ကွက်များမှ အသင်းဝင်ခွင့်လျှောက်လွှာများကို မြို့မိမြို့ဖ ဦးတင်လှိုင်ကလည်းကောင်း၊ ဂုဏ်ထူးဆောင်အလှူရှင်ခြောက်ဦးတို့၏ အလှူငွေများကို အလှူရှင်များက လည်းကောင်း ပေးအပ်ကြရာ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သာသနာနုဂ္ဂဟအသင်း)

## ဒုတိယဝန်ကြီး ဦးသန်းထွန်း သမဝါယမဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် ဇွန် ၅ ရက်က ကျိုင်းတုံမြို့နယ် “ဝ”ပင်းဆိုင်း ကျေးရွာရှိ မိုင်းဇင်းလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းလီမိတက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မိုင်းဖြတ်မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း သမဝါယမအသင်းနှင့် ဒေသခံဌာနဆိုင်ရာ ဝန်ထမ်းများနှင့်လည်းကောင်း၊ တာချီလိတ်မြို့ အရှေ့ပိုင်းကူးသန်းရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ရုံးခန်း၌ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမဦးစီးမှူးတို့နှင့်လည်းကောင်း တွေ့ဆုံ၍ စက်သုံးဆီအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့နယ် သမဝါယမဦးစီးဌာနရုံးခန်း၌ မြို့နယ်သမဝါယမ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအားတွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် သမဝါယမဝန်ကြီးဌာနက ပါဝင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ မှာကြားကာ မြို့နယ်ဦးစီးမှူးရုံးကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မကွေးခရိုင်တွင် နှစ်စဉ်စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

မကွေး ဇွန် ၉

မကွေးတိုင်းဒေသကြီး မကွေးခရိုင်၏ ၂၀၁၂-၂၀၁၃ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၆ ရက် နံနက် ၉ နာရီက မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မကွေးခရိုင်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းအေးလွင်က အမှာစကားပြောကြားပြီး မကွေးခရိုင် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး ခရိုင်စီမံကိန်းဦးစီးမှူး ဦးသန်းအောင်က တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြီးဖြစ်သည့် ပဉ္စမကာလတိုင်းနှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၂၀၁၂-၂၀၁၃ ခုနှစ် စီးပွားရေးစီမံကိန်းရည်မှန်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး မကွေးခရိုင်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌက ခရိုင်အဆင့် ဌာနဆိုင်ရာများသို့ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်ကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးများသို့ စီမံကိန်းရည်မှန်းချက်များကိုလည်းကောင်း တာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ထွေ/အုပ်)

## စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇွန် ၉

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်က သင်တန်းစည်းကမ်းများ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (ဝငျ)



## တွံတေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အဖွဲ့ဝင်သားသမီးများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂ ရက် နံနက် ၉ နာရီက မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမြသောင်း(ငြိမ်း)က တက္ကသိုလ်အဆင့်မှ အခြေခံပညာမူလတန်းအဆင့်အထိ ကျောင်းသားကျောင်းသူ ၅၀ အတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၄၄၈၀၀၀ ကို ကျောင်းသားကျောင်းသူတစ်ဦးချင်းစီအားပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (စစ်မှုထမ်းဟောင်းအဖွဲ့)

## သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ကျိုက်လတ် ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဝန်ထမ်း သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်သီ၊ မြို့နယ်ဒုတိယဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ ပညာသင်ထောက်ပံ့ကြေး ရရှိသူ ကျောင်းသား ကျောင်းသူ ၄၈ ဦး တက်ရောက်ကြပြီး ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၇၄၀၀၀ကို မြို့နယ်အုပ်ချုပ်ရေးမှူးက ကျောင်းသားကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (အောက်ပုံ)

(မြို့နယ် ထွေ/အုပ်)

## မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် လယ်ယာမြေဥပဒေ ရှင်းလင်းပွဲကျင်းပ

ပေါက်ခေါင်း ဇွန် ၉

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် လယ်ယာမြေဥပဒေ ရှင်းလင်းပွဲအခမ်းအနားကို ဇွန် ၇ ရက် နံနက် ၉ နာရီခွဲက ပေါက်ခေါင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူးဦးမျိုးဦးက လယ်ယာမြေဥပဒေဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

**ဆွေးနွေး**

ရှင်းလင်းပွဲသို့ ပြည်ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးစိုးဝင်း၊ ပေါက်ခေါင်းမြို့နယ် မြေစာရင်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ကြပြီး မြေယာဥပဒေများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ်မြေစာရင်းဦးစီးဌာန)



မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

# ပေကျင်းမြို့တော်အတွက်သောက်သုံးရေဖြန့်ဖြူးရန် မြေအောက်ဥမင်လိုဏ်ခေါင်းတည်ဆောက်နေ



**ပေကျင်း ဇွန် ၉**

တရုတ်နိုင်ငံ၏ မြို့တော်ပေကျင်းတွင် သောက်သုံးရေပြတ်တောက်မှုမရှိစေရန် ဖြည့်ဆည်းပေးမည့် ရေပိုက်လိုင်းသွယ်တန်းရန် မြေအောက်ဥမင်လိုဏ်ခေါင်းတစ်ခုကို တူးဖော်နေပြီဖြစ်ကြောင်း ဇွန် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ မြေအောက်ဥမင်လိုဏ်ခေါင်းသည် အရှည် ၄၄ ဒသမ ၇ ကီလိုမီတာရှိပြီး ငွေကြေးအမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံကုန်ကျခံ တည်ဆောက်နေသည်ဟု ပေကျင်းမြို့တော် သောက်သုံးရေဖြန့်ဖြူးရေးကော်မတီမှ ဒုတိယညွှန်ကြားရေးမှူး ဟီဖန်စီက ပြောကြားသည်။

**သွယ်တန်းယူ**

ယခုတည်ဆောက်နေသော မြေအောက်ဥမင်လိုဏ်ခေါင်း၏ပိုက်လိုင်းမှတစ်ဆင့် သောက်သုံးရေများကို ပေကျင်းမြို့လယ်နှင့် ပေကျင်းမြို့အရှေ့တောင်ပိုင်း ဆင်ခြေဖုံးအရပ်နှစ်ခုသို့ ဖြန့်ဖြူးပေးမည်ဖြစ်သည်။ အဆိုပါ သောက်သုံးရေများမှာ ယန်စီမြစ်မှနေ၍ သွယ်တန်းယူခြင်းဖြစ်သည်။ (ဝဲပုံ)

**ဆောင်ရွက်နေ**

ယန်စီမြစ်သည် တရုတ်နိုင်ငံတောင်ပိုင်းတွင် တည်ရှိနေခြင်းဖြစ်ရာ တောင်ပိုင်းမှ မြောက်ပိုင်းသို့ရေများဖြန့်ဖြူးပေးနိုင်ရေးအတွက် စီမံကိန်းရေးဆွဲပြီး မြေအောက်ဥမင်လိုဏ်ခေါင်းတူးဖော်ကာ ဆောင်ရွက်နေခြင်းဖြစ်သည်။ **(အင်တာနက်)**

# အမေရိကန်မှ အသက် ၉၇ နှစ်အရွယ်အမျိုးသမီးကြီး ကျောင်းတက်ပြီး ဒီပလိုမာရယူနိုင်ခဲ့

**လော့စ်အိန်ဂျလိစ် ဇွန် ၉**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်မှ အသက် ၉၇ နှစ်အရွယ် အမျိုးသမီးကြီး အန်းကိုလာဂီအိုဗန်နီ **(ယာပုံ)**သည် အိုဟိုင်းယိုးပြည်နယ်ရှိ ရှာကာဟိုက်အမည်ရှိ အထက်တန်းကျောင်းကို တက်ရောက်ခဲ့ပြီး ဒီပလိုမာရယူနိုင်ခဲ့ကြောင်း ဇွန် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။



**စိတ်ဆုံးဖြတ်ထား**

အမျိုးသမီးကြီး အန်းကိုလာဂီအိုဗန်နီသည် သူမ အသက် ၁၇ နှစ်အရွယ်ကပင် ကျောင်းထွက်ခဲ့ရပြီး ဖခင်ဖြစ်သူ၏ ဈေးဆိုင်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့ရသည်။ ထိုစဉ်က သူမအနေဖြင့် စိတ်ထိခိုက်ခဲ့ပြီး တစ်ချိန်ချိန်တွင် ကျောင်းပြန်တက်နိုင်ရန် ကြိုးစားမည်ဟု စိတ်ဆုံးဖြတ်ထားခဲ့သည်။

ဖခင်ဖြစ်သူ၏ စတိုးဆိုင်လေးသည် ၁၉၆၀ ခုနှစ်၌ ပိတ်သိမ်းခဲ့သည်။ ထိုဆိုင်မပိတ်မီအထိ အန်းကိုလာဂီအိုဗန်နီသည် ယင်းဆိုင်၌ပင် အလုပ်လုပ်ခဲ့သည်။ ထို့နောက် သူမအိမ်ထောင်ပြုခဲ့ရာ သမီးနှစ်ဦးမွေးဖွားခဲ့သည့်အပြင် မြေးလည်း ၁၁ ဦး ရရှိခဲ့သည်။

**ကျောင်းပြန်တက်**

သူမ၏သမီးဖြစ်သူ အီမီလာကိုလာဂီအိုဗန်နီဗင်စီက မိခင်ဖြစ်သူအား ကျောင်းပြန်တက်ပြီး ဒီပလိုမာရယူရန် ပြောကြားခဲ့ရာ အမျိုးသမီးကြီး အန်းကိုလာဂီအိုဗန်နီမှာ ယခင်ကဆန္ဒပြင်းပြခဲ့မှုကို အကောင်အထည်ပြန်ဖော်လိုစိတ်ပြင်းထန်ခဲ့ပြီး ကျောင်းပြန်တက်ခဲ့ခြင်းဖြစ်သည်။

သူမ၏ ဒီပလိုမာလက်ခံရရှိမှုအခမ်းအနားကို ရှာကာဟိုက်အထက်တန်းကျောင်း၌ ဇွန် ၈ ရက်က အထူးအစီအစဉ်အဖြစ်ကျင်းပကာ ဂုဏ်ပြုပေးအပ်ချီးမြှင့်ခဲ့သည်။ မိမိသည် ယခုအခါ ဘွဲ့ရတစ်ဦး ဖြစ်လာခဲ့ပြီဖြစ်ကြောင်း အသက် ၉၇ နှစ်အရွယ် အမျိုးသမီးကြီး အန်းကိုလာဂီအိုဗန်နီက ပြောကြားခဲ့သည်။ **(အင်တာနက်)**

# ပင်လယ်အတွင်း အသက်ကယ်လှေဖြင့် မျောပါနေသူများ မလေးရှားရေတပ်က ကယ်ဆယ်နိုင်ခဲ့



**ကွာလာလမ်ပူ ဇွန် ၉**

မလေးရှားနိုင်ငံ ဘော်နီရိုကျွန်းကမ်းလွန်တွင် အပျော်စီးရွက်လှေတစ်စင်း ဇွန် ၈ ရက်က နစ်မြုပ်ခဲ့ရာ ယင်းအပျော်စီးရွက်လှေပေါ်တွင် လိုက်ပါလာသည့် ရွက်လှေဝန်ထမ်းများအပါအဝင် ကမ္ဘာလှည့်ခရီးသွား ၂၆ ဦးတို့ ပင်လယ်အတွင်း အသက်ကယ်လှေတစ်စင်းဖြင့်မျောပါနေရာ မလေးရှားရေတပ်က ကယ်ဆယ်နိုင်ခဲ့ကြောင်း မလေးရှားအရာရှိများက ဇွန် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါအပျော်စီးရွက်လှေပေါ်တွင် ဂျာမနီ၊ ဗြိတိန်၊ နယ်သာလန်၊ ထိုင်းနှင့် အမေရိကန်နိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသွား ၁၄ ဦးနှင့် ဝန်ထမ်း ၁၂ ဦးတို့ လိုက်ပါလာကြသည်။ ၎င်းအပျော်စီးရွက်လှေသည် ဘော်နီရိုကျွန်းကမ်းလွန်တွင် မုန်တိုင်းမိပြီး နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အပျော်စီးရွက်လှေနစ်မြုပ်ခဲ့သည့်နေရာမှာ မလေးရှားနိုင်ငံ ဆာဘတ်ပြည်နယ်ကမ်းလွန် ရေမိုင် ၁၃၆ မိုင်ခန့်ဝေးသော ဘော်နီရိုကျွန်းအနီး ပူလူလာယန်လာယန်ကျွန်းကမ်းလွန်ရေပြင်၌ဖြစ်သည်။ ၎င်းရွက်လှေမှ ခရီးသည်နှင့်ဝန်ထမ်းများသည် အသက်ကယ်လှေတစ်စင်းဖြင့် ပင်လယ်ပြင်၌ နှစ်နာရီကြာမျောပါနေပြီးနောက် မလေးရှားရေတပ်ရေယာဉ်က တွေ့ရှိကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။ ယင်းခရီးသည်များနှင့် ဝန်ထမ်းများကို မလေးရှားနိုင်ငံ လာဘန်မြို့ ဟိုတယ်တစ်ခုသို့ ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ တစ်ဦးမျှဒဏ်ရာရရှိခြင်းမရှိကြောင်း မလေးရှားအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

# ယူဂန္ဓာစီးပွားရေးနာလန်ထူရေး သမ္မတ မူဆီဗီနီအားပေး




**ကမ်ပါလာ ဇွန် ၉**

ယူဂန္ဓာနိုင်ငံသည် အလုပ်လက်မဲ့ပြဿနာ၊ အဂတိလိုက်စားမှု၊ နိုင်ငံရေးလျှို့ဝှက်ထိုးနှက်မှုစသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း သမ္မတမူဆီဗီနီက (၂၆) ကြိမ်မြောက် နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ထည့်သွင်းပြောကြားလိုက်သည်။

၎င်းမိန့်ခွန်းတွင် ယူဂန္ဓာသမ္မတ မူဆီဗီနီ **(ဝဲပုံ)** က စီးပွားရေးပြန်လည်ဦးမော့လာရေးကို အလေးပေးပြောကြားသွားခြင်းဖြစ်သည်။

၁၉၈၆ ခုနှစ်ကတည်းက အာဏာရယူခဲ့သည့် သမ္မတမူဆီဗီနီက စီးပွားရေးတိုးတက်မှုကို ကာကွယ်စောင့်ရှောက်ရန် ပျက်ကွက်သည့် အဂတိလိုက်စားသော အစိုးရအရာရှိများနှင့် တစ်သီးပုဂ္ဂလတို့ကို အပြစ်ပေးမည့် ဥပဒေတစ်ရပ်မကြာမီတွင် မိမိတို့အစိုးရက ပြဋ္ဌာန်းတော့မည်ဖြစ်ကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

# ပါကစ္စတန်မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှု ကိုးဦးသေဆုံး၊ ၂၀ ဒဏ်ရာရ

**အစ္စလမ္မာဘတ် ဇွန် ၉**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့တွင် ဇွန် ၈ ရက် မွန်းလွဲပိုင်းက အစိုးရအလုပ်သမားများ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်တစ်စီးကို လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် အနည်းဆုံးကိုးဦးသေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်မီဒီယာများက ဖော်ပြသည်။

**ဖြစ်ပွားခဲ့**

ခိုင်ဘာပထန်ခွါပြည်နယ် ပက်ရှ်ဝါမြို့တော်ဝန်းကျင် ချာဆက်ဒါလမ်းပေါ်၌ အနည်းဆုံးအစိုးရအလုပ်သမား ၁၅ ဦးပါလာသည့် ဘတ်စ်ကားတစ်စီးကို ဇွန် ၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခန့်က လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။ ဘတ်စ်ကားဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အမျိုးသားခုနစ်ဦး၊ အမျိုးသမီးနှစ်ဦး သေဆုံးခဲ့သည်။ ဒဏ်ရာရသူများကို ဆေးရုံသို့တင်ပို့ရာ၌ ရှစ်ဦးမှာဒဏ်ရာပြင်းထန်သည်ဟုဆိုသည်။ **(အင်တာနက်)**

# ဂရိအလုပ်လက်မဲ့ဖြစ်မှုနှုန်း ၂၂ ရာခိုင်နှုန်းအထိ စံချိန်တင်

**အေသင် ဇွန် ၉**

ဂရိနိုင်ငံ၏စီးပွားရေးကျဆင်းလျက်ရှိရာ ဂရိနိုင်ငံအလုပ်လက်မဲ့ဖြစ်မှုနှုန်းသည် စံချိန်တင်မြင့်တက်လျက်ရှိကြောင်း ဂရိစာရင်းအင်းများမှ စာရင်းအရ သိရသည်။

မတ်လအတွင်း ဂရိနိုင်ငံ၏အလုပ်လက်မဲ့နှုန်းသည် ၂၂ ရာခိုင်နှုန်းအထိ ခုန်တက်သဖြင့် ပြီးခဲ့သည့်တစ်လ ကာလထက် ဝ ဒသမ ၂ ရာခိုင်နှုန်းပိုများသည်။ **(ယာပုံ)**

ဂရိနိုင်ငံ၌ ဖေဖော်ဝါရီလကထက် မတ်လတွင် အလုပ်လက်မဲ့ဦးရေ ၂၂၀၀၀ နီးပါးပိုများလာကြောင်း စာရင်းများက ဖော်ပြနေသည်။ ဂရိနိုင်ငံ၌ အလုပ်သမား ငါးဦးလျှင် တစ်ဦးမှာ လောလောဆယ်တွင် အလုပ်လက်မဲ့ဖြစ်နေသည်။ ပင်စင်နှင့် လုပ်ခလစာများမှာလည်း ၄၀ ရာခိုင်နှုန်းအထိ ဖြတ်တောက်ခံရသည်ဆို၏။ **(အင်တာနက်)**



နိုင်ငံတကာသတင်းအတိုအထွာ ၉-၆-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

# လူလိုက်ပါမည့် Shenzhou-9 အာကာသယာဉ် တရုတ်လွှတ်တင်မည်



တရုတ်နိုင်ငံက လာမည့် ဇွန်လလယ်တွင် လူလိုက်ပါမည့် Shenzhou-9 အာကာသယာဉ်ကို လွှတ်တင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအာကာသလူလိုက်ပါရေးအစီအစဉ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇွန် ၉ ရက်တွင် ပြောကြားသည်။

အဆိုပါ အာကာသခရီးစဉ်တွင် အာကာသယာဉ်မှူးသုံးဦး လိုက်ပါမည်ဖြစ်ပြီး ၎င်းတို့အထဲတွင် ပထမဆုံးတရုတ်အမျိုးသမီး အာကာသယာဉ်မှူးတစ်ဦးလည်း လိုက်ပါမည်ဖြစ်သည်။

**လွှတ်တင်မည်**

Shenzhou-9 အာကာသယာဉ်ကို လောင်းမတ်-၂ အက်ဖ် ဒုံးပျံယာဉ်ဖြင့် သယ်ဆောင်သွားမည်ဖြစ်ပြီး တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကျင်ချွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လွှတ်တင်မည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆက်လက်ပြောကြားခဲ့သည်။ (ဝဲပုံ)

# ပါကစ္စတန်အလယ်ပိုင်း၌ ခရီးသည်တင်ဗင်ကားနှစ်စီးတိုက်မှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံအလယ်ပိုင်း ဘာခါမြို့တွင် ဇွန် ၉ ရက် နံနက်က ခရီးသည်တင်ဗင်ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားရာ အနည်းဆုံး ၁၂ ဦးသေဆုံးပြီး အခြား ၄၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်း အူရဒူရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့သည်။ ဖြစ်ပွားမှုမှာ ပါကစ္စတန်နိုင်ငံ ကရာချိ ဆိပ်ကမ်းမြို့မှ ရာဝါပန်ဒီမြို့ မြောက်ပိုင်းသို့ဦးတည်မောင်းနှင်လာသည့် ခရီးသည်တင်ဗင်ကားနှင့် နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်ရှိ ဘာခါမြို့သို့ဦးတည်မောင်းနှင်လာသည့် ဗင်ကားတို့ ဘင်ခါမြို့အတွင်းရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် ယင်းနေ့နံနက်အစောပိုင်းက မျက်နှာချင်းဆိုင်မောင်းနှင်လာစဉ် ထိုသို့ဝင်တိုက်မိခြင်းဖြစ်ကြောင်း သတင်းထောက်များက ပြောကြားသည်။ အဆိုပါတိုက်မှုကြောင့် ခြောက်ဦးမှာ နေရာတွင်ပင်ပွဲချင်းပြီးသေဆုံးပြီး အခြားခြောက်ဦးမှာ ဘာခါမြို့ဆေးရုံတွင် ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရသူများအား ဒေသခံများနှင့်ကယ်ဆယ်ရေးအဖွဲ့များက ဆေးရုံသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ကနဦးစုံစမ်းစစ်ဆေးချက်အရ ယင်းဖြစ်ရပ်သည် ယာဉ်စည်းကမ်းချိုးဖောက်မှုနှင့် အရှိန်လွန်မှုကြောင့်ဖြစ်ကြောင်း ဆေးရုံသတင်းရပ်ကွက်များက ပြောကြားသည်။

# ရုရှားတောင်ပိုင်းတွင် လေယာဉ်ငယ်တစ်စင်းပျက်ကျ၊ တစ်ဦးသေဆုံး

ရုရှားနိုင်ငံတောင်ပိုင်း ရော့စတော့ပ်ဒေသတွင် ဇွန် ၉ ရက်က အင်ဂျင်တစ်လုံးတပ်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါသူ လေယာဉ်မှူးတစ်ဦးသေဆုံးခဲ့ကြောင်း ဒေသအတွင်းမီဒီယာများက သတင်းထုတ်ပြန်သည်။ အဆိုပါလေယာဉ်သည် ရုရှားနိုင်ငံတောင်ပိုင်း ဘလိုကာကာလစ်ဗင့်စ်ခရိုင်အတွင်းရှိ ဂရာချီကျေးရွာအနီး၌ ဆင်းသက်စဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာအရာရှိများ၏ ပြောကြားချက်အား ရုရှားနိုဗိုစတီသတင်းဌာနက ထုတ်ပြန်ခဲ့သည်။ ယင်းလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၃၈ မိနစ်ခန့်က ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ဆင်းသက်စဉ် မြေပြင်နှင့်တိုက်မိပြီး လေယာဉ်အစိတ်အပိုင်းများ ကျိုးပဲ့ကာ ထိုသို့ပျက်ကျခြင်းဖြစ်ကြောင်း အသေးစိတ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရုရှားအရေးပေါ်ဝန်ကြီးဌာနမှ ပြောကြားခဲ့သည်။ **(အင်တာနက်)**

10-6 (04).pmd 1 6/10/2012, 2:53 AM

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဖော်ဦးခိုင်-စုစည်းသည်



# လမစေ့ မီမွေးဖွားသောကလေးငယ်များအတွက် နို့ရည်ဘဏ် တောင်အာဖရိကနိုင်ငံတွင် ဖွင့်လှစ်ရန်စီစဉ်လျက်ရှိ

ဂျိုဟန်နစ္စဘတ် ဇွန် ၉

တောင်အာဖရိကနိုင်ငံတွင် လမစေ့မီမွေးဖွားသော ကလေးငယ်များအတွက် မိခင်နို့ရည်ဘဏ်အား ဖွင့်လှစ်ရန်အစီအစဉ်ရှိကြောင်း ဇွန် ၈ ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အပေါ်ပုံ)**

လမစေ့မီမွေးဖွားလာသောကလေးများ၏ ကျန်းမာရေးနှင့်အနာဂတ် တိုးတက်ကောင်းမွန်စေရေးကို မိခင်နို့ရည်ဘဏ်ဖွင့်လှစ်ခြင်းဖြင့် ဖြည့်ဆည်းမှုတစ်ရပ် ရရှိစေနိုင်မည်ဖြစ်ကြောင်း ခေတ်သစ်သတင်းစာက နေ့ဝတ်စ်ပြည်နယ်အတွင်းရှိ နေ့ဝတ်စ်တက္ကသိုလ်မှ မဟာဌာနမှူးတစ်ဦးပြောကြားချက်ကို ကိုးကားဖော်ပြသည်။

မိခင်နို့ရည်ဘဏ်အား နေ့ဝတ်စ်ပြည်နယ်အတွင်းရှိ ပို့ချစ်ဖ်စထရွန်း ဆေးရုံတွင် နေ့ဝတ်စ်တက္ကသိုလ်နှင့် ပြည်နယ်အစိုးရတို့က ကမကထပြု တည်ဆောက်ပေးမည်ဖြစ်သည်။

နို့ထွက်များသောကလေးမိခင်များ လှူဒါန်းလာသည့်နို့ချိုကို ပလတ်စတစ်အိတ်များအတွင်း ထည့်သိုကာ အေးခဲစေပြီး နို့ရည်ဘဏ်တွင်ထားရှိထားမည်ဖြစ်ကြောင်း၊ ထိုနို့ရည်များကို မိခင်နို့ရည်မရရှိသည့် လမစေ့မီမွေးဖွားလာသောကလေးငယ်များအတွက် ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း ဆေးရုံမှဆရာဝန်ကြီးတစ်ဦးဖြစ်သူ ဒေါက်တာ ဝယ်မလုဘာက ပြောကြားသည်။

အခြားသောဆေးရုံများသို့ မိခင်နို့ချိုအိတ်များ ဝေငှခြင်းမပြုမီ ပိုးသတ်ခြင်းနှင့် HIV စစ်ဆေးခြင်း၊ တီဘီပိုးနှင့်အခြားဗိုင်းရပ်စ်များအား စစ်ဆေးခြင်းများ အပါအဝင် လိုအပ်သောဆေးပညာဝန်ဆောင်မှုများ ဆောင်ရွက်ရမည်ဖြစ်သည်ဟုလည်း ၎င်းဆရာဝန်ကပင် ဆက်လက်ပြောကြားသည်။

ကလေးငယ်များအတွက် အကောင်းဆုံးနှင့် အာဟာရတန်ဖိုးအများဆုံး ပါဝင်သည့် မိခင် နို့ရည်သည် လမစေ့မီမွေးဖွားသော ကလေးငယ်များအသက်ရှင်သန်ရေး ကယ်တင်နိုင်မည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အချို့သော လမစေ့မီမွေးဖွားသော ကလေးများ၏မိခင်များသည် မွေးဖွားပြီးချင်းအချိန်များတွင် နို့ရည်ထွက်ရှိခြင်းမရှိ၍ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

# အယ်ရှာဘတ်ခေါင်းဆောင်များခိုအောင်းရာ သတင်းပေးနိုင်က ဒေါ်လာခုနစ်သန်းဆုငွေချီးမြှင့်မည်ဟု အမေရိကန်ကြေညာ

ဝါရှင်တန် ဇွန် ၉

ဆိုမာလီ အယ်ရှာဘတ်အဓိကခေါင်းဆောင် ခုနစ်ဦး ခိုလှုံပုန်းအောင်းရာနေရာအား သတင်းပေးနိုင်လျှင် အမေရိကန်ဒေါ်လာ ခုနစ်သန်းချီးမြှင့်မည်ဟု အမေရိကန်နိုင်ငံက ဆုငွေထုတ်ထားကြောင်း အင်တာနက်သတင်းတွင် ဇွန် ၇ ရက်ကဖော်ပြသည်။

၎င်းအယ်ရှာဘတ် ခေါင်းဆောင်ခုနစ်ဦးအတွက် ဆုငွေထုတ်ခြင်းကို အစိုးရ၏တရားမျှတမှုအတွက် ဆုတော်ငွေဆိုသည့် ဝက်ဘ်ဆိုက်တွင် ဇွန် ၇ ရက်က စတင်ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အယ်ရှာဘတ် လက်နက်ကိုင်များအား ချေမှုန်းနိုင်ရေးအတွက် စာမျက်နှာသစ် ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ အာဖရိကဒေသအတွင်း အကြမ်းဖက်မှုများ တိုက်ဖျက်ရေးကို ဖိအားပေးရန် အမေရိကန်အစိုးရ၏ ရပ်တည်မှု တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို သတင်းသဘောထားကို ပြသခြင်းလည်းဖြစ်ကြောင်း တွင်ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**



ဆိုမာလီနိုင်ငံရှိ အယ်ရှာဘတ် အကြမ်းဖက်သမားများအား တွေ့ရစဉ်။

# ရှေးနှစ် ၂၀၀၀ကျော်က လူ့အရိုးစုများကို DNA စမ်းသပ်မှုဖြင့် လူ့သမိုင်းခေတ်ကို ဖော်ထုတ်နိုင်ရေး တရုတ်ပညာရှင်များဆောင်ရွက်

ပေကျင်း ဇွန် ၉

ရှေးနှစ်ပေါင်း ၂၀၀၀ ကျော် အလွန်က နှောင်းခေတ်လူ့အရိုးစုများ၏ DNA စမ်းသပ်မှု စီမံကိန်းကို တရုတ်သိပ္ပံပညာရှင်များက ဇွန် ၇ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

သိပ္ပံပညာရှင်များက ရှေးခေတ်အရိုးစုများ၏ DNA စမ်းသပ်ခြင်းများနှင့်ဒြပ်စင်အမှုန်အမွှားတို့အား စိစစ်မှုများဖြင့် ဒေသတစ်ခု၏ ခေတ်ကာလ အချိန်တစ်ချိန်အတွင်း လူသားတို့ မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရောဂါဖြစ်ပွားခြင်းတို့ကို လေ့လာနိုင်မည် ဖြစ်ပြီး တိုင်းရင်းသား လူမျိုးစုများဆိုင်ရာ အချက်အလက်များကိုလည်း ရရှိနိုင်လိမ့်မည် ဖြစ်ကြောင်း ယခုစီမံကိန်း၏ခေါင်းဆောင်ဖြစ်သူ ကျိလင်းတက္ကသိုလ် တရုတ်နယ်စပ်သုတေသနဌာနမှ သုတေသီ ဝန်ဝေက ပြောကြားသည်။



ရရှိလာမည့် သုတေသန အချက်အလက်များပေါ် တည်မှီ၍ ဘီစီ ၂၂၁ ခုနှင့် ဘီစီ ၄၇၆ ခုနှစ်အတွင်း လူသားမျိုးနွယ်စုတို့၏ ခေတ်ကာလပုံရိပ်နှင့် ဘဝနေထိုင်မှုပုံစံ၊ နေ့စဉ်စားသောက်မှုပုံစံတို့ကို သရုပ်ခွဲဖော်ထုတ်နိုင်မည်ဖြစ်သည့်အပြင် ထိုခေတ်ထိုအချိန်က စီးပွားရေးအခြေအနေနှင့် စိုက်ပျိုးရေးကဏ္ဍတို့ကို လည်း လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း ဝန်ဝေ က ဆက်လက်ပြောကြားသည်။

တွေ့ရှိထား

ဟီဘေးပြည်နယ် မြောက်ပိုင်းရှိ ကျန်ကျီလာကျုမြို့အတွင်း ပြီးခဲ့သည့်နှစ် စက်တင်ဘာလ အတွင်းက ရှေးဟောင်းဂူ ၃၄ ဂူကို ရှာဖွေတွေ့ရှိခဲ့ပြီး လူ့အရိုးစု ၂၈ခုကို တွေ့ရှိထားခြင်း ဖြစ်သည်။ **(ဝဲပုံ)** ထိုအရိုးစုများမှ အကောင်း ပကတိနီးပါးရှိသော အရိုးစု ၂၂ ခုကို ဝန်ဝေ ဦးစီးသည့် သိပ္ပံပညာရှင်အဖွဲ့က DNA စမ်းသပ်မှုများ ပြုလုပ်နေခြင်း ဖြစ်သည်။ **(အင်တာနက်)**

# ကိုရီးယားမင်းသမီး ကင်တေဟီးရဲ့ ဂျပန်ဒရာမာဇာတ်ကားပြသပြီ

ဆိုးလ် ဇွန် ၉



တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ကင်တေဟီးဟာ ဂျပန်ဒရာမာဇာတ်ကားဖြစ်တဲ့ Boku to Star no 99 Nichi ရုပ်ရှင်ကားကို ရိုက်ကူးနေတာပြီးစီးနေပြီဖြစ်လို့ ဂျပန်နိုင်ငံတစ်ဝန်းနဲ့ တောင်ကိုရီးယားနိုင်ငံတွေမှာ ထုတ်လွှင့်ပြသနေပြီဖြစ်ပါတယ်။

ဒီဇာတ်ကားဟာ ကင်တေဟီး **(ယာပုံ)**ရဲ့ ပထမဆုံးဂျပန်ရုပ်ရှင်ကားဖြစ်ပြီး ဟန်ယူနာ အမည်ရှိတဲ့ အမျိုးသမီးငယ်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ပြီး ဂျပန်ရုပ်ရှင်မင်းသား နီရှိုဂျီမာနဲ့အတူ တွဲဖက်သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ ဂျပန်မင်းသမီးနဲ့တူတဲ့ ကင်တေဟီးကို ဂျပန်ပရိသတ်တွေက နှစ်ခြိုက်အားပေးနေတာမို့ အခုဂျပန်ဒရာမာဇာတ်ကားဟာ ပရိသတ်စိတ်ဝင်စားနေတဲ့ ဇာတ်ကားဖြစ်ပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိပြီး ဆိုးလ်အမျိုးသားတက္ကသိုလ်က ဖက်ရှင်ဒီဇိုင်းဘာသာနဲ့ ဘွဲ့ရရှိထားတဲ့ ရုပ်ရှင်မင်းသမီး ကင်တေဟီးဟာ မော်ဒယ်တစ်ဦးအဖြစ်လည်း အနုပညာလုပ်ငန်းတွေပြုလုပ်နေသူဖြစ်ပါတယ်။ ကင်တေဟီးဟာ မကြာမီက ကျင်းပခဲ့တဲ့ ဘူဆန်မော်တော်ကားပြပွဲကို တက်ရောက်ခဲ့ပါတယ်။ ကင်တေဟီးဟာ တောင်ကိုရီးယားနိုင်ငံမှာထုတ်လုပ်တဲ့ တိုယိုတာမော်တော်ကားဆိုင်ရာ မော်ဒယ်တစ်ဦးလည်း ဖြစ်ပါတယ်။

ရုပ်ရှင်မင်းသမီး ကင်တေဟီးရဲ့ My Princess အမည်ရှိတဲ့ ရုပ်မြင်သံကြား ဇာတ်လမ်းတွဲကတော့ အမ်ဘီစီရုပ်မြင်သံကြားလိုင်းကနေပြီး ထုတ်လွှင့်ခဲ့တာဟာ ပရိသတ်တွေ နှစ်သက်အားပေးခဲ့ပြီး သူမရဲ့ Stairway to Heaven ဇာတ်ကားကို ပရိသတ်တွေ ကြိုက်နှစ်သက်ခဲ့ကြပါတယ်။ ရုပ်ရှင်မင်းသမီး ကင်တေဟီးရဲ့ Love story in Harvard နဲ့ Iris ဇာတ်ကားတွေလို ပရိသတ်တွေ ကြိုက်နှစ်သက်တဲ့ ဇာတ်ကားမျိုး ရိုက်ကူးသွားဖို့လည်း ကေဘီအက်စ်ရုပ်မြင်သံကြားလိုင်းက စီစဉ်နေပြီဖြစ်ပါတယ်။ သူမဟာ မကြာခင်မှာ ဂျပန်ပရိသတ်တွေနဲ့တွေ့ဆုံရန် တိုကျိုမြို့ကို ခရီးထွက်ဖို့ရှိနေပါတယ်။ **(အင်တာနက်)**



# မျက်နှာများသည့် ရုပ်ရှင်မင်းသား ခရောဖို့ဒ် ဇာတ်ကားသစ်ရိုက်ကူး

နယူးယောက် ဇွန် ၉

အသက် ၂၆ နှစ်အရွယ်သာရှိသေးတဲ့ ရုပ်ရှင်မင်းသား ခရောဖို့ဒ် **(ဝဲပုံ)**ဟာ ရုပ်ရှင်မင်းသမီး ကာရေးအင်ဒါဝုဒ်နဲ့ တွဲနေသူဖြစ်ပါတယ်။ ဒါ့အပြင် ရုပ်ရှင်မင်းသမီး အက်ရှလေဂရင်းနဲ့လည်း ဇာတ်လမ်းမပြတ်သေးသူဖြစ်ပါတယ်။

Gossip Girl ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်မင်းသား ချန့်ခရောဖို့ဒ်ဟာ သူနဲ့ ဘဝခရီးတစ်လျှောက်လက်တွဲနိုင်မယ့် မိန်းကလေးမိတ်ဆွေတစ်ဦးကို ရှာဖွေနေတယ်လို့ ဇွန် ၈ ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပြန်ပါတယ်။ ရုပ်ရှင်မင်းသား ခရောဖို့ဒ်ဟာ လောလောဆယ်မှာ The Love Story ဇာတ်ကားသစ်ရိုက်ကူးနေပြီး ဒီနှစ်ကုန်မှာအဲဒီ ရုပ်ရှင်ကား ရုံတင်ပြသနိုင်အောင် ကြိုးစားနေပါတယ်။ ဒါ့အပြင် ၂၀၁၂ခုနှစ်ကုန်မှာ နောက်ထပ် ရုပ်ရှင်ကားသစ်နှစ်ကား ထပ်မံရိုက်ကူးဖို့လည်း စီစဉ်နေပါတယ်။

မိမိဟာ အနုပညာလုပ်ငန်းကို ရေရှည်လုပ်ကိုင်သွားမှာဖြစ်လို့ ရုပ်ရှင်အနုပညာကို စိတ်ဝင်စားတဲ့မိန်းကလေးမျိုးကိုပဲ ဦးစားပေးမှာဖြစ်တယ်လို့ဆိုနေပါတယ်။ ဒါပေမယ့် အဲဒီမိန်းကလေးဟာ ရုပ်ရှင်အသိုင်းအဝိုင်းက ဖြစ်ချင်မှဖြစ်မယ်လို့ဆိုနေပါတယ်။ ရုပ်ရှင်မင်းသား ခရောဖို့ဒ်ဟာ Gossip Girl ဇာတ်ကားနဲ့ ပရိသတ်တွေရဲ့ အားပေးမှုကို တစ်ခဲနက်ရရှိခဲ့ရာမှာ မိန်းကလေးပရိသတ်တွေအများဆုံးဖြစ်ပါတယ်။ **(အင်တာနက်)**

ကိုသစ္စာ ➢ ရေးသားသည်

# ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက် Labor day ဇာတ်ကားသစ်ရိုက်ကူးနေ

*လော့စ်အိန်ဂျလိစ် ဇွန် ၉*

*ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်ဟာ **Labor day** အမည်ရှိတဲ့ရုပ်ရှင်ကားသစ်ကို စတင်ရိုက်ကူးနေပြီဖြစ်ပါတယ်။ ဒီဇာတ်ကားဟာ ကိတ်ဝင်းစလက် အတွက် လာမယ့် ၂၀၁၃ ခုနှစ်မှာ ရုံတင်ပြသမယ့် ဒုတိယမြောက်ဇာတ်ကားလည်း ဖြစ်ပါတယ်။*

*အသက် ၃၆ နှစ်အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်ဟာ အဲဒီဇာတ်ကားမှာ အဒီလီအမည်ရှိတဲ့ အမျိုးသမီးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်နေတာဖြစ်ပါတယ်။ (အောက်ယာပုံ) **Labor day** ဇာတ်ကားကို အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် ဘော်စတွန်မြို့မှာ ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးနေပြီဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ရုပ်ရှင်မင်းသား ဂျိမ်းစ်ဗန်ဒါဘက်နှင့်အတူ ပါဝင်သရုပ်ဆောင်နေတာဖြစ်ပါတယ်။ ဘော်စတွန်မြို့လေးမှာ ပြန်ပေးဆွဲခံခဲ့ရတဲ့ အမျိုးသမီးတစ်ဦးအဖြစ် ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးနေတာပဲဖြစ်ပါတယ်။ ကိတ်ဝင်းစလက်ဟာ ၂၀၁၁ခုနှစ်ကတည်းက ဇာတ်ကားရိုက်ကူးတာတွေ ခေတ္တနားထားပြီး အခုမှ ဇာတ်ကားသစ်တွေ ဆက်တိုက်ရိုက်ကူးနေတာ ဖြစ်ပါတယ်။ ၂၀၁၂ခုနှစ် မေလကတည်းက **Movie 43** အမည်ရှိတဲ့ ဇာတ်ကားကိုရိုက်ကူးနေပြီး အဲဒီဇာတ်ကားဟာ ကိတ်ဝင်းစလက်က ပူးတွဲထုတ်လုပ်သူအဖြစ် တာဝန်ယူလုပ်ကိုင်နေတာဖြစ်ပါတယ်။ ၂၀၁၁ခုနှစ်က ပါဝင်ရိုက်ကူးခဲ့တဲ့ **Mildred Pierce** ဇာတ်ကားဟာ ရုပ်ရှင်ဇာတ်လမ်းတွဲဖြစ်ပြီး အဲဒီရုပ်ရှင်ကားရဲ့ စီးရီးတွေကို နောက်ပိုင်းမှာ ဆက်လက်ရိုက်ကူးသွားဖို့လည်း စီစဉ်နေသူဖြစ်ပါတယ်။*

**

***The Reader၊ Revolutionary Road** ဇာတ်ကားတွေလို ဇာတ်ကားတွေမှာ သရုပ်ဆောင်လိုတဲ့ ရုပ်ရှင်မင်းသမီး ကိတ်ဝင်းစလက်ဟာ တိုင်တန်းနစ်လို ကမ္ဘာကျော်ကားတွေမှာလည်း ပါဝင်သရုပ်ဆောင်ခွင့်ရအောင် ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ကိတ်ဝင်းစလက်ဟာ ၂၀၁၀ ခုနှစ်က ခင်ပွန်းဖြစ်သူ ဒါရိုက်တာ ဆမ်မင်းဒက်စ်နဲ့ ကွာရှင်းခဲ့ပြီး အခုအချိန်အထိ သားသမီးနှစ်ဦးနဲ့အတူ ညီမဖြစ်သူ အင်နာဝင်းစလက်၊ ဘတ်ဝင်းစလက်တို့နဲ့ နေထိုင်ပြီး ရုပ်ရှင်ကားတွေ ရိုက်ကူးနေတာ ဖြစ်ပါတယ်။ (အင်တာနက်)*

# ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ကျရာတာဝန်များကို ဦးဆွေးဆံမြည့်ထမ်းရွက်

# နယ်စပ်ဒေသတိုင်းရင်းသားများ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို စွမ်းစွမ်းတမံဆောင်ရွက်

# ပြောင်းလဲနေသောခေတ်နှင့်အညီ ရင်ပေါင်တန်းလိုက်နိုင်အောင် အစဉ်အမြဲအားထုတ်



**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ဝိဇ္ဇာ ဘာသာထူးချွန်ဆုရ ကယားပြည်နယ် လွိုင်ကော်မြို့မှ ကယားတိုင်းရင်းသား မောင်လေးရယ်အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

**ရန်ကုန် ဇွန် ၉**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) သင်တန်းအမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အဆိုပါကောလိပ်၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

**ပြဋ္ဌာန်းပေးအပ်**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှစ်ခုကို ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ပေးခဲ့ရာ ယနေ့ဆိုလျှင် ဒီဂရီကောလိပ် ရန်ကုန်၏ (၁၁) ကြိမ်မြောက်ကျောင်းဆင်းပွဲကျင်းပနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ယနေ့သင်တန်းဆင်းကြမည့် ကျောင်းဆင်း ပညာတတ်လူငယ်များ အနေဖြင့်လည်း မိမိတို့တာဝန်ကျသည့် ပြည်ထောင်စုကြီး၏ တစ်ထောင့်တစ်နေရာကိုသွားရောက်ပြီး ဒေသဖွံ့ဖြိုးရေး တာဝန်များကို ထမ်းဆောင်ကြရတော့မည် ဖြစ်ကြောင်း၊ ယခင်နှစ်များက ဒီဂရီကောလိပ်ကျောင်းဆင်းများသည် ယခုအခါမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ကျရာဒေသတွေမှာ အကောင်အထည်ဖော်ဆောင်ရွက်နေပြီ ဖြစ်သည့်အတွက် နိုင်ငံတော်ကိုယ်စား များစွာ ဝမ်းမြောက်ကျေနပ်မိကြောင်း၊ ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသားများအနေဖြင့် အဆင့်မြင့်ဘွဲ့ဒီဂရီများကို ဆက်လက်လေ့လာဆည်းပူးကြရမည်ဖြစ်ကြောင်း၊ သင်ယူမှု လေ့လာမှုများ ပြီးဆုံးသည့်တစ်နေ့တွင် တာဝန်ကျရာ ဒေသများမှာ ပြန်လည်ပြီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ တာဝန်ထမ်းဆောင်ကြသည့်အခါတွင်လည်း ဒီဂရီကောလိပ်၏ ထူးခြားမွန်မြတ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုအစဉ်အလာနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုအစိုးရသည် ပြည်သူလူထု၏ အကျိုးစီးပွားကို ထာဝရဦးထိပ်ပန်ဆင်သည့် သဘောထားကို မြဲမြံစွာခံယူထားကြောင်း၊ ပြည်သူတို့၏ အသက်အိုးအိမ်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာပြီး ပြည်သူတို့၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် မည်သည့်အခါမျှ ပြောင်းလဲမည်

မဟုတ်သော ထာဝရရည်မှန်းချက်များပင်ဖြစ်ကြောင်း၊ ပြည်သူအများစုလိုလားတောင့်တသည့် နိုင်ငံရေး၏ အနှစ်သာရမှာလည်း ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရှိမှသာ တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် ဒီမိုကရေစီထွန်းကားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းဆီသို့ ဆောင်ကြဉ်းနိုင်မည်ဟု လေးနက်စွာခံယူထားကြောင်း၊ ငြိမ်းချမ်းရေးကို ဖျက်ဆီးသည့်အရာမှာ လက်နက်ကိုင်လမ်းစဉ်ပင်ဖြစ်ကြောင်း၊ အတိတ်သမိုင်းမှ အကြောင်းဖြစ်ရပ်အမျိုးမျိုးကြောင့် ပေါ်ပေါက်ခဲ့သော နိုင်ငံရေးပဋိပက္ခများကို လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းမှုသည် မျက်မှောက်ကာလတွင် မိမိနိုင်ငံ၏ အဓိကစိန်ခေါ်မှုတစ်ရပ်အဖြစ် ဖြစ်တည်နေဆဲဖြစ်ကြောင်း၊ ယနေ့ကာလတွင် မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်နှစ်ရပ်ပေါ်ထွန်းပြီးဖြစ်သည့်အားလျော်စွာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာအရပ်ရပ်ကို ပြည်သူ့ကိုယ်စားလှယ် အသီးသီးက ပြည်သူလူထုကိုကိုယ်စားပြုလျက် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လွှတ်တော်များတွင် မျက်နှာစုံညီ ညှိနှိုင်းအဖြေရှာ၍ ဥပဒေပြုကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို ပကတိအမှန်တရားအဖြစ် တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံရေးကို လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းရမည့် အခြေအနေမဟုတ်တော့သည်ကို အလေးအနက်ခံယူရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတကာနည်းတူ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို နိုင်ငံသားတိုင်းက အညီအမျှရရှိရန် အခြေအနေအခွင့်အလမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းပေးအပ်ထားပြီး ဖြစ်ကြောင်း၊ ဒီဂရီကောလိပ်ကျောင်းဆင်းတိုင်းရင်းသားလူငယ်များသည် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်တွင် စိတ်ဓာတ်ရော၊ အကျင့်စာရိတ္တပါ ပြည့်ဝကောင်းမွန်သည့် ပြည်သူ့သားကောင်းများအဖြစ် အင်တိုက်အားတိုက် ပါဝင်ကြရမှာဖြစ်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ်ကျင့်သုံးရာတွင် အယူအဆမတူညီမှုများနှင့် ကွဲပြားခြားနားမှုများရှိကြမည်မှာ သဘာဝပင်ဖြစ်ကြောင်း၊ ယင်းကွဲပြားခြားနားမှု အတွင်းမှပင် နိုင်ငံ၏အကျိုးစီးပွားကို ရှေးရှုသော တူညီမှုကိုရှာဖွေလျက် နိုင်ငံအကျိုးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း အလေ့အထကို ကျင့်ကြံပြုစုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအားလုံးက လက်ခံနိုင်သော တူညီဆန္ဒအခြေအနေတစ်ရပ် (Consensus) ကို ရရှိသည်အထိ အလျှော့အတင်းပြုလုပ်ညှိနှိုင်းခြင်း (Compromise) ကို ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် ဒီမိုကရေစီကျင့်စဉ်အတွင်းမှ စည်းလုံးညီညွတ်မှုကို ရယူခြင်း (Unity in Democracy) ကို ဆောင်ကြဉ်းသင့်ပြီး အများစုအင်အားဖြင့် အတင်းအကျပ်အနိုင်အထက်ပြုခြင်း (Mobocracy) ကို ရှောင်ရှားသင့်သည်ကို သတိပြုရမည်ဖြစ်ကြောင်း။

ယနေ့ မြန်မာ့ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရာမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အဓိကထားဆောင်ရွက်ရန် အထူးအလေးအနက်ထားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲလျှင် နိုင်ငံတော်ကြီးလည်း အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးသွားမှာ ဖြစ်သည့်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထူးအလေးထားပြီး တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီး နှစ်နိုင်ငံအကြားတွင် ခိုင်ခိုင်မာမာရပ်တည်နေနိုင်ခဲ့သည်မှာ ဘိုးဘွားမိဘတိုင်းရင်းသားအားလုံး၏စည်းလုံးညီညွတ်မှုနှင့် အမိမြေကို ကာကွယ်နိုင်စွမ်းရှိမှုကြောင့်ဖြစ်ကြောင်း၊ ကိုလိုနီအုပ်ချုပ်မှုအောက် ကျရောက်ခဲ့ရသည့်တိုင် သူ့ကျွန်မခံလိုသည့် တိုင်းရင်းသားအားလုံး၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်နှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်ကို အခြေခံပြီး လွတ်လပ်ရေးကိုအရယူနိုင်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ဝါဒရေး၊ လူမျိုးရေး ပြင်းထန်သူအချို့ကြောင့် ပြည်တွင်းသောင်းကျန်းမှု မီးလျှံတောက်လောင်ခဲ့ပြီး ပြည်ပစွက်ဖက်မှု အန္တရာယ်များပါ ကျရောက်ခဲ့ရာမှာလည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အားနှင့်ပင် နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားများသည် တစ်ခုတည်းသော အမိုးအကာအောက်တွင်နေထိုင်ကြသော မိသားစုများသဖွယ် ဖြစ်ကြောင်း၊ မိသားစုတစ်စုတည်းမှာပင် တစ်ဦးနှင့် တစ်ဦးမတူညီခြင်း၊ ကွဲပြားခြားနားခြင်းများ ရှိကြသည်မှာ သဘာဝတရားဖြစ်ကြောင်း၊ မိသားစုသဖွယ်ဖြစ်တည်နေသော ပြည်ထောင်စုတိုင်းရင်းသားများသည်လည်း သူ့လူမျိုး၊ ကိုယ့်လူမျိုး၊ သူ့ဒေသကိုယ့်ဒေသဟူသော အစွဲအလမ်းများကို ပယ်ဖျောက်လျက် **“ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ၊ ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံးထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့်စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်”** ဟူသော အသိတရားကို ထာဝရကိန်းအောင်းခံယူကြရမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားလူငယ် သင်တန်းကျောင်းများနှင့် တက္ကသိုလ်ကောလိပ်တွေမှာ ပြည်ထောင်စုစိတ်ဓာတ် ဘာသာရပ်ကို အထူးလေ့ကျင့်သင်ကြားပြုစု ပျိုးထောင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပိုမိုသိပ်သည်းကျစ်လျစ်စွာ တည်ဆောက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာစေရေးတို့ကို သင်တန်းဆင်းကျောင်းသားအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကျင့်သုံးကြရမှာဖြစ်ကြောင်း။

၂၀၁၁ ခုနှစ် ဧပြီ ၂၃ ရက်တွင် ကျင်းပခဲ့သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၁) တွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကြီးက **“တိုင်းရင်းသားနယ်မြေများအလိုက် ရေမြေ၊ သယံဇာတ၊ သဘာဝအရင်းအမြစ်များမတူကြဘဲ ကွဲပြားခြားနားမှုရှိကြမည်ဖြစ်သော်လည်း ဆူကြုံနိမ့်မြင့် ကွာဟမှုနည်းနိုင်သမျှ နည်းပါးစေရန်၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ အသီးသီးကိုတိုးမြှင့်ဆောင်ရွက်ပေးကြဖို့”** လမ်းညွှန်မှာကြားခဲ့ကြောင်း။

**မွေးထုတ်ပေးနိုင်**

နိုင်ငံတော်က အဆင့်မြင့်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်ရန်ဆိုသည့်မျှော်မှန်းချက်နှင့် နယ်စပ်ဒေသက လူငယ်တွေကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ခိုင်မာတောင့်တင်းအောင် ပြုစုမွေးထုတ်ပေးသည့် အောင်မြင်မှုရလဒ်ကောင်းများအဖြစ် ၂၀၁၁ ခုနှစ်အထိ ရန်ကုန်နှင့်မန္တလေးဒီဂရီကောလိပ်နှစ်ခုမှ သင်တန်းဆင်းဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိသူ ၁၂၅၄ ဦး၊ အင်ဂျင်နီယာဒီပလိုမာရရှိသူ ၅၂၆ ဦး၊ ပေါင်း ၁၇၈၀ ဦးတို့သည် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးမှာ တာဝန်ထမ်းဆောင်နေကြပြီဖြစ်ကြောင်း၊ ထို့အပြင် အဆင့်မြင့်လူသားအရင်းအမြစ်များအနေဖြင့် မဟာဝိဇ္ဇာဘွဲ့ ၅၆ ဦး၊ မဟာသိပ္ပံဘွဲ့ ၈၁ ဦး၊ မဟာသုတေသနဘွဲ့ ၄၇ဦး၊ M.Eဘွဲ့ ၁၆ ဦး၊ B.Eဘွဲ့ ၁၃၉ဦး၊ B.Tech ဘွဲ့ ၂၅၃ ဦး တို့ကို အသီးသီး မွေးထုတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပါရဂူဘွဲ့ကြို ၂၀ဦး၊ ပါရဂူကျမ်းပြု ၇ ဦး၊ မဟာသုတေသန ၁၀ ဦး၊ မဟာဝိဇ္ဇာ/သိပ္ပံ ၉၃ ဦး၊ မဟာဝိဇ္ဇာ/သိပ္ပံ အရည်အချင်းစစ် ၄၇ ဦး၊ M.E ၁၉ ဦး၊ B.E ၇၃ ဦး၊ B.Tech ၁၃၆ ဦးတို့ကိုလည်း ဆက်လက်မွေးထုတ်ပေးဦးမည်ဖြစ်ကြောင်း၊ ယခု ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်မှ ဝိဇ္ဇာဘွဲ့ ၁၈ ဦး၊ သိပ္ပံ ဘွဲ့ ၅၀ ဦး၊ အေဂျီတီအိုင် ဒီပလိုမာ ၆၂ ဦး၊ ပေါင်း ၁၃၀ ဦးနှင့် ဒီဂရီကောလိပ်၊ မန္တလေးမှ ဝိဇ္ဇာဘွဲ့ ၁၆ ဦး၊ သိပ္ပံဘွဲ့ ၅၄ ဦး၊ အေဂျီတီအိုင်ဒီပလိုမာ ၄၆ ဦး၊ ပေါင်း ၁၁၆ဦး၊ ဒီဂရီကောလိပ်နှစ်ခုမှ ဘွဲ့နှင့်ဒီပလိုမာလက်မှတ်ရ တိုင်းရင်းသားပညာရှင် စုစုပေါင်း၂၄၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

သင်တန်းဆင်းကျောင်းသားများသည် နိုင်ငံတော်အစိုးရသစ်၏ အမျိုးသားရေးဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လုပ်ငန်းလမ်းညွှန်ချက်များကို အလေးဂရုပြု လိုက်နာဆောင်ရွက်ကြပါ။ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲရေးကို အလေးအနက်ထား၍ ပြုစုထိန်းသိမ်းဆောင်ရွက်ကြပါ၊ ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုင်းမှာ ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ပန်ဆင်ပြီး ကျရာတာဝန်များကိုဦးဆွေးဆံမြည့်ထမ်းရွက်သွားကြပါ။ နယ်စပ်ဒေသ တိုင်းရင်းသားများ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို စွမ်းစွမ်းတမံဆောင်ရွက်ကြပါ။ မိမိတို့ တာဝန်ထမ်းဆောင်သည့် နေရာဒေသများတွင် တိုင်းရင်းသားများ၏လူမှုစီးပွားဘဝမြင့်မားရေး၊ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေးတို့အတွက် စေတနာအပြည့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြပါ။ ပြောင်းလဲနေသော ခေတ်နှင့်အညီ ရင်ပေါင်တန်း လိုက်နိုင်အောင်ကြိုးစားသင်ယူမှုများ၊ လေ့လာမှုများ၊ ရှင်သန်နေအောင် အစဉ်အမြဲအားထုတ်ကြပါဟု ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) သင်တန်းအမှတ်စဉ်(၁၁)မှ ဝိဇ္ဇာဘာသာထူးချွန်ဆုရ ကယားပြည်နယ် လွိုင်ကော်မြို့မှ ကယားတိုင်းရင်းသား မောင်လေးရယ်၊ သိပ္ပံဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် နမ့်ခမ်းမြို့မှ ပလောင်တိုင်းရင်းသား မောင်မိုင်းဇော်ဝင်းထွေးနှင့် အင်ဂျင်နီယာဘာသာ ထူးချွန်ဆုရ ချင်းပြည်နယ် မင်းတပ်မြို့မှ ချင်းတိုင်းရင်းသား မောင်ကီးလိန်းဟာတို့အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံးထူးချွန် ဒုတိယဆုရ ဆရာမတစ်ဦးနှင့် အဘိဓမ္မာ (ရိုးရိုး) နှင့် အဘိဓမ္မာ (ဂုဏ်ထူးဆောင်)၊ ဝိသုဒ္ဓိမဂ်စာမေးပွဲတို့တွင် ရန်ကုန်တိုင်းဒေသကြီးမှ ထူးချွန်ဆုရရှိသော ကျောင်းသား ၉ ဦးတို့အား ဆုများချီးမြှင့်ပြီး ထူးချွန်ဆုရရှိအောင် သင်ကြားပေးသော ဆရာကြီး/ဆရာမကြီးများအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများသည် သင်တန်းဆင်းကျောင်းသားများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး သင်တန်းဆင်းကျောင်းသားများနှင့် ကျောင်းသား မိဘများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)မှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် သင်တန်းအောင်မြင်သူများမှာ ဝိဇ္ဇာဘွဲ့ ၁၈ ဦး၊ သိပ္ပံဘွဲ့ ၅၀၊ အေဂျီတီအိုင်ဒီပလိုမာ ၆၂ ဦး စုစုပေါင်း ၁၃၀ ဖြစ်ပြီး ယင်းတို့မှာ ကချင်တိုင်းရင်းသား ၂ ဦး၊ ကယားတိုင်းရင်းသား ၇ ဦး၊ ကယန်း တိုင်းရင်းသား ၄ ဦး၊ ကရင်တိုင်းရင်းသား ၉ ဦး၊ ခမီတိုင်းရင်းသား တစ်ဦး၊ ချင်းတိုင်းရင်းသား ၈ ဦး၊ ဆလုံတိုင်းရင်းသား တစ်ဦး၊ ဒိုင်းနက်တိုင်းရင်းသားတစ်ဦး၊ ဓနုတိုင်းရင်းသား ၇ဦး၊ နာဂတိုင်းရင်းသား ၁၁ ဦး၊ ပလောင်တိုင်းရင်းသား ၉ ဦး၊ ပအိုဝ်းတိုင်းရင်းသား ၆ ဦး၊ မွန်တိုင်းရင်းသား ၇ ဦး၊ မြိုတိုင်းရင်းသားတစ်ဦး၊ ယင်းကြား တိုင်းရင်းသား တစ်ဦး၊ ရခိုင်တိုင်းရင်းသား ၇ ဦး၊ ရှမ်းတိုင်းရင်းသား ၂၃ ဦး၊ လီဆူးတိုင်းရင်းသား၂ ဦး၊ လားဟူ တိုင်းရင်းသား ၂ ဦး၊ “ဝ” တိုင်းရင်းသားတစ်ဦး၊ သက်တိုင်းရင်းသား တစ်ဦး၊ အင်းသားတိုင်းရင်းသား ၁၀ ဦး၊ အာခါတိုင်းရင်းသား ၅ ဦး၊ ဗမာတိုင်းရင်းသား ၃ ဦး၊ မနုမနောတိုင်းရင်းသား တစ်ဦး စုစုပေါင်း ၁၃၀ ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ပါမောက္ခ၊ ဌာနမှူး၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြ၊ သရုပ်ပြများနှင့်တွေ့ဆုံ၍ ပညာသင်ကြားရေးစနစ်တွင် ဘက်စုံထောင့်စုံ သင်ကြားနိုင်ရန် ICT နည်းပညာများဖြင့် သင်ကြားရေး၊ ဆရာဗဟိုပြုပညာရေးစနစ်မှ ကျောင်းသားဗဟိုပြု ပညာရေးစနစ်သို့ ပြောင်းလဲသင်ကြားနိုင်ရေး၊ စာရိတ္တမဏ္ဍိုင် ခိုင်မြဲရေးအတွက် ကောင်းသော အလေ့အထများပြုကျင့်ရေး၊ ခေတ်နှင့်အညီသင်ကြားနိုင်ရန် နည်းလမ်းများ ရှာဖွေကြိုးပမ်းကြရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ရေး စသည်ဖြင့်မှာကြားခဲ့ပြီး ထောက်ပံ့ကြေးငွေများ ပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဝိဇ္ဇာဘာသာထူးချွန်ဆုရ ကယားပြည်နယ် လွိုင်ကော်မြို့မှကယားတိုင်းရင်းသား မောင်လေးရယ်။**



**သိပ္ပံဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် နမ့်ခမ်းမြို့မှ ပလောင်တိုင်းရင်းသား မောင်မိုင်းဇော်ဝင်းထွေး။**



**အင်ဂျင်နီယာဘာသာ ထူးချွန်ဆုရ ချင်းပြည်နယ် မင်းတပ်မြို့မှ ချင်းတိုင်းရင်းသား မောင်ကီးလိန်းဟာ။**

## MRTV-4

**၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၅:၀၀ | MRTV-4အဖွင့်Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ် |
| ၅:၂၀ | MRTV-4သတင်း |
| ၅:၄၀ | **ဝိဘင်္ဂ၊ ပစ္စယာ၊နမ္မရုပ်** တရားတော်(အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ) |
| ၇:၃၀ | MRTV-4 သတင်း |
| ၈:၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၆၂) |
| ၃:၅၀ | အနုပညာမိုးကောင်းကင် |
| ၅:၀၅ | I Got It (Snake) |
| ၅:၂၀ | မလေးရှားနိုင်ငံမှ Mahkota Medical Center |
| ၆:၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၄၉) |
| ၈:၀၀ | MRTV-4သတင်း |
| ၈:၃၀ | Sunday Talk (စာရေးဆရာ ကျော်စောမင်း၊ မျိုးမြတ်သူ) |
| ၉:၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၆၃) |
| ၁၀:၃၀ | World of Knowledge (Speed Nation) |
| ၁၁:၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ထာဝရချစ်သူ** (အပိုင်း-၃) |
| ၁၂:၂၀ | ရွှေလက်ကမ်းလို့ကြိုနေမည့် စလင်းမြေ |
| ၁၂:၃၀ | ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ |
| ၁:၅၀ | အောင်မြင်သူတို့ဘဝ (ကျော်ကြားသူတို့၏အလွဲများ) |
| ၂:၃၅ | ဒို့တိုင်းဌာနီရောဝတီ မြန်မာ့စပါးကျီ(သို့မဟုတ်)ရောဝတီ |

10-6 (06).pmd 1 6/10/2012, 2:53 AM

# ဒေသအလိုက် အများပိုင်ကုမ္ပဏီများ ထူထောင်ပြီး အသေးစားသတ္တုထုတ်လုပ် ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့်အတူ အကြီးစားသတ္တုတူးဖော်မှုအဆင့်သို့ ကူးပြောင်း

**နေပြည်တော်  ဇွန်  ၉**

မြန်မာနိုင်ငံ၌ ခနောက်စိမ်း သတ္တုထုတ်လုပ်မှု၊ သိုလှောင်မှု၊ သယ်ယူပို့ဆောင်မှု၊ ရောင်းချမှုများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၈ ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ခနောက်စိမ်းသတ္တုကို ထုတ်လုပ်ရာတွင် အများပိုင်ကုမ္ပဏီများ ထူထောင်၍ အသေးစားထုတ်လုပ်မှု၊ ၎င်းမှတစ်ဆင့် အကြီးစား ထုတ်လုပ်မှုလုပ်ငန်းသို့ ကူးပြောင်းပြီး ခနောက်စိမ်း သတ္တုသန့်စင်စက်ရုံ (Concentrate Plant) များ၊ ၎င်းမှ သတ္တုသန့်စင်စက်ရုံ (Refinery Plant) များ တည်ဆောက်၍ သတ္တုဆင့်တက်ပြုပြင်မှုများ ပြုလုပ်ပြီး ရောင်းချသွားနိုင်ရေး ကြိုးပမ်းသွားကြစေလိုကြောင်း၊ မြန်မာနိုင်ငံအတွင်း Survey မလုပ်ရသေးသည့် ဧရိယာများစွာရှိနေသေးကြောင်း၊ Green Land, Green Field များ အများကြီး ရှိနေကြောင်း၊ သတ္တုသယံဇာတ အရင်းအမြစ်များကို ရှာဖွေ ဖော်ထုတ်မှတ်တမ်းတင်မည်ဖြစ်သကဲ့သို့ တစ်ပြိုင်တည်း ဒေသအလိုက် အများပိုင် ကုမ္ပဏီများ ထူထောင်ပြီး အနိမ့်ဆုံး အဆင့်အဖြစ် အသေးစားသတ္တုထုတ်လုပ်မှု၊ ၎င်းမှ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့်အတူ အကြီးစားသတ္တုတူးဖော်မှုအဆင့်များသို့ ကူးပြောင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သတ္တုသယံဇာတမရှိသည့် နိုင်ငံများနှင့် သတ္တုသယံဇာတ အနည်းငယ်သာ ထွက်သည့် နိုင်ငံအချို့မှာ ပြည်ပမှ သတ္တုသယံဇာတများကို ဝယ်ယူတင်သွင်း၍ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းရောက်ရှိနေကြကြောင်း၊ မိမိတို့နိုင်ငံတွင် သတ္တုသယံဇာတ များစွာရှိ၍ သတ္တုသန့်စင်စက်ရုံများ မဖြစ်မနေ ထူထောင်ခြင်းဖြင့် ဒေသခံပြည်သူလူထုအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသအလိုက် ခနောက်စိမ်းသတ္တုတူးဖော်မှုကို အနိမ့်ဆုံးအဆင့် အသေးစားသတ္တုတူးဖော်မှုနှင့် သတ္တုသန့်စင်စက်ရုံ တည်ဆောက်ဆောင်ရွက်ကြရေး ဖြစ်ကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ခနောက်စိမ်း သတ္တုတူးဖော်ထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး၊ ပြည်နယ်သတ္တုဝန်ကြီးများက သတ္တုလုပ်ငန်းများစနစ်တကျနှင့် အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သတ္တုရုံးခွဲများ ဖွင့်လှစ်ထားရှိပေးရန် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၁၀-၆-၂၀၁၂ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၂၅ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | နံနက်ခင်းသတင်း |
| ၇း၄၀ | အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဖိုလ်ကလေးတင့်အောင်) |

**နေ့လယ်ပိုင်း**

| | |
|---|---|
| ၁၁း၀၀ | စစ်သည်တေး |
| ၁၁း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၃း၅၀ | မြန်မာရုပ်ရှင် **အကြင်တို့လင်မယား** သုမောင်၊မေခလာ (ဒါရိုက်တာ-သာခု) |

**ညပိုင်း**

| | |
|---|---|
| ၄း၄၀ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ) |
| ၄း၅၅ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၀ | **အနောက်တောင်မုတ်သုံလေ ဝင်ရောက်ခြင်းနှင့် ဇွန်လအတွက် မိုးလေဝသ အခြေအနေ** |
| ၅း၂၅ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၆း၀၀ | ညနေခင်းသတင်း |
| ၆း၁၅ | မိုးလေဝသအခြေအနေ |
| ၆း၄၀ | တစ်မျက်နှာ၊ တစ်ကွက်စာ **အဘိုးအိုနှင့်မြေဆေးတံ** အကယ်ဒမီအောင်လွင် ကောင်းမိုးယံ၊ ပြည့်ဖြိုး၊ ဒေါ်လွင်လွင်မြင့် ဒါရိုက်တာ-မေတင် (MMG) |
| ၈း၀၀ | ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ |



# မျိုးဆက်သစ်အားကစားသမားများ လေ့ကျင့်မှုများ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ကြည့်ရှုစစ်ဆေး

နေပြည်တော်  ဇွန်  ၉

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအနေဖြင့် ပြိုင်ပွဲတိုင်း အင်ပြည့်အားပြည့် ပါဝင်ယှဉ်ပြိုင်အောင်နိုင်မှုရရှိစေရေးအတွက် အားကစားနည်းအလိုက် လူငယ်မျိုးဆက်သစ် အားကစားသမားများအား နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၌ စုစည်းစခန်းသွင်းကာ နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် အဆိုပါမျိုးဆက်သစ် အားကစားသမားများ၏ လေ့ကျင့်နေမှုများနှင့် လေ့ကျင့်ရေးစခန်းများကို ကြည့်ရှုစစ်ဆေးရာ နံနက် ၉ နာရီတွင် ဇမ္ဗူသီရိ အားကစားဇုန်ရှိ လက်ဝှေ့အားကစား လေ့ကျင့်ရေးရုံ၌ လက်ဝှေ့အားကစားသမား မောင်/မယ်များ လေ့ကျင့်ကစားနေမှုများအားလည်းကောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် မြားပစ်အားကစားပြိုင်ပွဲကွင်း ပြင်ဆင်ဆောင်ရွက်နေမှုများ၊ VIP ပွဲကြည့်စင်နှင့် ကားရပ်နားစခန်း ပြင်ဆင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ နေပြည်တော် ကျွဲရှင်းရှိ ငလိုက်ဆည်၌ လှေလှော်အားကစားသမားများ မီတာ ၅၀၀ စံချိန်ယူ လေ့ကျင့်လှော်ခတ်နေမှုများနှင့် သရုပ်ပြယှဉ်ပြိုင်နေမှုများကို လည်းကောင်း၊ လယ်ဝေးမြို့နယ် အားကစား လေ့ကျင့်ရေးစခန်း၌ မီတာ (၄၀၀)ပြေးလမ်း Synthetic ခင်းကျင်းနေမှုများ၊ အဆင့်မြင့်ပြင်ဆင်တည်ဆောက်ထားသော စစ်တုရင်လေ့ကျင့်ရေးခန်းမ၊ ဘီလိယက်နှင့်စနူကာခန်းမ၊ စားသောက်ဆိုင်နေရာများနှင့် Mobile Toilet များ၊ သေနတ်ပစ်အားကစားခန်းမ၊ ဝူရှူးအားကစားခန်းမ၊ အလေးမအားကစားခန်းမ၊ တိုက်ကွမ်ဒို၊ ကရာတေးဒိုနှင့် စားပွဲတင်တင်းနစ်အားကစားခန်းမများ၊ ကျွမ်းဘားနှင့် နပန်းခန်းမများနှင့် ဘောလုံးကွင်းတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်းသင်တန်း ခန်းမသို့ သွားရောက်၍ အားကစားနည်းအလိုက် တာဝန်ခံ၊ နည်းပြနှင့် အားကစားသမားများအား တွေ့ဆုံပြီး လေ့ကျင့်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း ဖောင်ပိတ်အားကစား

### ယူရို ၂၀၁၂ဘောလုံးပြိုင်ပွဲဆက်လက်ယှဉ်ပြိုင် နာမည်ကြီးနယ်သာလန်တို့ ပွဲဦးထွက်ရှုံးပွဲကြုံ

မောင်မောင်မြင့်ဆွေ ရေးသားသည်

**ခါကိဗ်  ဇွန်  ၉**

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲကို ဇွန် ၉ ရက်က ဆက်လက်ကျင်းပရာ ယူကရိန်းနိုင်ငံ ခါကိဗ်မြို့ရှိ မီတယ်လစ်အားကစားရုံ၌ အုပ်စု(ခ)မှ နယ်သာလန်နှင့်ဒိန်းမတ်အသင်းတို့ယှဉ်ပြိုင်ကစားရာ ဒိန်းမတ်က နယ်သာလန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **(အောက်ပုံ)**

**ဂိုးရရှိ**

ယခုပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဆလိုဗေးနီးယားနိုင်ငံသား ဒါမီရာ စကိုမီနာက တာဝန်ယူကြီးကြပ်ခဲ့သည်။ နယ်သာလန်အသင်းသည် ၄း၂း၃း၁ အခင်းအကျင်းဖြင့်ပွဲထွက်လာပြီး ဒိန်းမတ်အသင်းက ၄း၃း၃ ဗျူဟာဖြင့် ရင်ဆိုင်ခဲ့သည်။ ပွဲစတင်သည်နှင့်နယ်သာလန်တို့ထိုးဖောက်တိုက်စစ်ဆင်နေခဲ့သော်လည်း ဒိန်းမတ်တို့က တန်ပြန်တိုက်စစ်မှတစ်ဆင့် ပွဲချိန် ၂၄မိနစ်၌ တိုက်စစ်မှူးမိုက်ကယ်ခရွှန်ဒက်လီက နယ်သာလန်ဂိုးဧရိယာအတွင်းမှ ဘယ်ခြေဖြင့်ကန်သွင်းခဲ့ရာ နယ်သာလန်ဂိုးသမား စတီကီလန်ဘတ်၏ ခြေထောက်နှစ်ဖက်ကြားမှ ဂိုးဝင်သွားခဲ့သဖြင့် ဒိန်းမတ်တို့ အဖွင့်ဂိုးရရှိခဲ့သည်။

ပထမပိုင်းပွဲချိန်အပြီးဒိန်းမတ်တို့က တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေခဲ့သည်။ ဒုတိယပိုင်းပွဲချိန်တွင်လည်း နယ်သာလန်တိုက်စစ်မှူးများ အပိုင်ဂိုးသွင်းခွင့် အကြိမ်ကြိမ်ရရှိခဲ့သော်လည်း ဒိန်းမတ်ဂိုးသမားအန်ဒါဆင်ကာကွယ်နိုင်မှု၊ နယ်သာလန်တိုက်စစ်မှူးများဖြစ်သည့် ဗန်ပါစီနှင့် ရော်ဘင်တို့ ဆန္ဒစောနေမှုတို့ကြောင့် ချေပဂိုးမရရှိဘဲ ဖြစ်နေခဲ့သည်။

နယ်သာလန်တို့ ဆက်လက်ထိုးဖောက်ကစားခဲ့ရာ ဒိန်းမတ်နောက်ခံလူတစ်ဦး ဂိုးဧရိယာအတွင်း လက်ထိဘောဖြစ်ခဲ့သော်လည်း ကွင်းလယ်ဒိုင်လူကြီး စကိုမီနာ မမြင်ခဲ့၍ နယ်သာလန်တို့ ပယ်နယ်တီကန်ခွင့်နစ်နာခဲ့ရသည်။ ထို့နောက် ပွဲချိန်ပြည့်သည်အထိ နယ်သာလန်တို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် ဒိန်းမတ်တို့နိုင်ပွဲရရှိခဲ့ပြီး အုပ်စု(ခ)၌ သုံးမှတ်စတင်ရရှိခဲ့ကာ နယ်သာလန်တို့ အကောင်းဆုံးအရှုံးသမားဖြစ်ခဲ့ရသည်။ **(အင်တာနက်)**



## ကြည့်ရှုစစ်ဆေး

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဇမ္ဗူသီရိ အားကစားဇုန်ရှိ လက်ဝှေ့အားကစား လေ့ကျင့်ရေးရုံ၌ သရုပ်ပြ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**သာပေါင်းမြို့နယ်၌ ပုံကျရွေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်း၌ ကျင်းပရာ ကျောင်းသားကျောင်းသူ ၆၆ ဦးအတွက် ကျောင်းဝတ်စုံ ၆၆ စုံကို တာဝန်ရှိသူတစ်ဦးက ထောက်ပံ့ပေးအပ်စဉ်။**

(မြန်မာ့အလင်း)

# စာကြည့်တိုက် ခြောက်လပြည့်အထိမ်းအမှတ်ကျင်းပ

**တပ်ကုန်း  ဇွန်  ၉**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကြက်သွန်ခင်းအုပ်စု ဥယျာဉ်ကျေးရွာ ရှေ့ဆောင်လမ်းပြ ဇနသုခစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်သည့် ခြောက်လပြည့် အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၆ ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပသည်။

**လှူဒါန်း**

အခမ်းအနားတွင် စာရေးဆရာဦးကျော်ဇေယျ-ဒေါ်ခင်ပိုပို မိသားစုတို့က အီးဗွီဒီပြစက်တစ်လုံး၊ စီဒီ၊ ဒီဗွီဒီတရားခွေ ၁၁၄ ချပ်နှင့် သုတရသ ၅၄၆အုပ်၊ မဂ္ဂဇင်း ၁၁၉ အုပ်၊ ဂျာနယ်မျိုးစုံ အစောင် ၃၅၀ စုစုပေါင်း ၁၀၁၅ အုပ်ကို အလှူရှင် ကိုယ်စား ဦးသက်ဝင်းက လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က လက်ခံခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အလင်း မှုခင်းသတင်း

### မန္တလေးမှ ရေဦးသို့သွားသည့်မှန်လုံခရီးသည်တင်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးထနောင်းပင်ကို ဝင်တိုက်

**မြင်းမူ  ဇွန်  ၉**

မြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာအနီး မြင်းမူ-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၅၀/၂ နှင့် ၅၀/၃ အကြားကွေ့တွင် ခရီးသည်တင်မှန်လုံကားတစ်စီး ဇွန် ၉ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ကားလမ်းယာဘက်ရှိ ထနောင်းပင်ကို အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိသဖြင့် လူတစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

**အရှိန်ပြင်းစွာဝင်တိုက်**

ဖြစ်စဉ်မှာ မန္တလေးမှ ရေဦးမြို့သို့ ယာဉ်မောင်း ကိုဖြိုးမင်း အသက် (၂၈)နှစ် (ဘ-ဦးဌေးမြင့်ဦး) အောင်ဆန်းရပ်ကွက် ရေဦးမြို့နေသူ မောင်းနှင်လာသော ယာဉ်အမှတ် ၂ခ/---- အောင်ရတနာမှန်လုံယာဉ်သည် ခရီးသည် ၂၁ ဦးနှင့် ကုန်ပစ္စည်းမျိုးစုံ တင်ဆောင်ကာ နံနက် ၉ နာရီတွင် မန္တလေးမြို့မှ ထွက်ခွာလာခဲ့ရာ အခင်းဖြစ်နေရာအရောက် လမ်းကွေ့ရှိ အုတ်တိုင်လေးတိုင်ကို ဝင်တိုက်ပြီး လမ်းယာဘက်ရှိ ထနောင်းပင်ကို အရှိန်ပြင်းစွာ ဝင်တိုက်မိ၍ ကားအတွင်းမှ ဒေါ်သန်း အသက် (၆၆)နှစ် (ဘ-ဦးဖုန်းခင်) ဒီပဲယင်းမြို့နယ် စိုင်ပြင်ကြီးကျေးရွာနေသူမှာ ကားမှန်ပြတင်းပေါက်မှ လွင့်စဉ်ကျပြီး အခင်းဖြစ်နေရာ၌ သေဆုံးသွားကြောင်းနှင့် ဒဏ်ရာရရှိသူများအား မြင်းမူပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။ **(၀၇၉)**



# မော်ကွန်းဟူသည်

## ဒေါက်တာခိုင်ခိုင်ဝင်း(အမျိုးသားမှတ်ပုံတင်များမော်ကွန်းတိုက်)

*မော်ကွန်းကို စီမံခန့်ခွဲမှုများ၏ အဓိကရည်ညွှန်းကိုးကားရာများ(Tools of Administration)၊ နိုင်ငံတစ်နိုင်ငံ၏ အတိတ်အကြောင်းအရာများ (Country's Past)၊ သမိုင်းအမွေအနှစ်များ (Heritage of the history) စသည်ဖြင့် အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြသည်။ မော်ကွန်းတွင် စစ်မှန်ခြင်း (Authenticity)၊ အစားမထိုးနိုင်ခြင်း (Irreplaceable)၊ အတုမရှိခြင်း (Unique) စသည့်ဂုဏ်သတ္တိများစွာရှိသည်။ မော်ကွန်းများသည် ရည်ရွယ်ချက်ရှိရှိဖြင့် ဖန်တီးပြုလုပ်ထားခြင်း မဟုတ်ရပါ။ နိုင်ငံတစ်နိုင်ငံ၏ အစိုးရအဖွဲ့အစည်းများ၊ ရုံးဌာနများ၊ မိသားစုများ၊ ပုဂ္ဂိုလ်တစ်ဦးချင်း၏ ကိစ္စနယ်ပယ်အသီးသီးတွင် နေ့စဉ်အလိုအလျောက်ဖြစ်ပေါ်လာသော အကြောင်းအရာများကို မှတ်တမ်းတင်ထားရာမှ အချိန်ကာလကြာမြင့်လာသောအခါ ၎င်းတို့အနက်မှအချို့မှာ အလိုအလျောက် သမိုင်းဝင်မှတ်တမ်းများအဖြစ် ပြောင်းလဲသွားခြင်းဖြင့် မော်ကွန်းများဖြစ်လာပါသည်။ တစ်နည်းအားဖြင့် သမိုင်းဝင်၍ တစ်ခုတည်းသာရှိသောမှတ်တမ်းသည် မော်ကွန်းဖြစ်ပါသည်။*

*နိုင်ငံရှိလျှင် သမိုင်းကြောင်းရှိ၍ သမိုင်းကြောင်းရှိလျှင် ယင်းသမိုင်းများကို မှတ်တမ်းမှတ်ရာများအဖြစ် သိမ်းဆည်းထားသော မော်ကွန်းတိုက်မှာ မလွဲမသွေ တည်ရှိပါသည်။ တစ်နည်းဆိုရသော် မော်ကွန်းတိုက်သည် နိုင်ငံတစ်နိုင်ငံ၏ပြယုဂ်ဖြစ်၍ မော်ကွန်းများသည် ယင်းနိုင်ငံ၏တန်ဖိုးများပင်ဖြစ်သည်။ ယနေ့ပစ္စုပ္ပန်ကာလမှ ပြည်သူများက အတိတ်ကာလတွင်ဖြစ်ပျက်ခဲ့သော သမိုင်းကြောင်းများကို သိရှိစေရန်နှင့် နောင်လာမည့်မျိုးဆက်များက ယနေ့ကာလတွင် ဖြစ်ပျက်နေသော အကြောင်းအရာများကို သိရှိစေရန်ရည်ရွယ်၍ မော်ကွန်းတိုက်ကိုတည်ထောင်ထားရခြင်းဖြစ်ပါသည်။ မော်ကွန်းများမရှိခဲ့လျှင် သမိုင်း၏စစ်မှန်သော အနှစ်သာရလည်း ရှိမည်မဟုတ်ပေ။*

*ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနကို ၁၉၇၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ မော်ကွန်းတိုက်တစ်ခု၏ တာဝန်များမှာ မော်ကွန်းမှတ်တမ်းများကို သိမ်းဆည်းရယူခြင်း၊ သိမ်းဆည်းရရှိသော မော်ကွန်းမှတ်တမ်းများကို မပျက်စီးရအောင် နည်းစနစ်မှန်ကန်စွာဖြင့် စနစ်တကျထိန်းသိမ်းခြင်း၊ ပျက်စီးစပြုနေသော မော်ကွန်းမှတ်တမ်းများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဗဟုသုတရှာမှီးလိုသူ၊ သတင်းအချက်အလက်များကို ရည်ညွှန်းကိုးကား အသုံးပြုလိုသူများအတွက် အလွယ်တကူ ဖတ်ရှုကိုးကားနိုင်ရန် စီစဉ်ပေးခြင်းတို့ ဖြစ်ပါသည်။*

*မော်ကွန်းမှတ်တမ်းများမှာ အများအားဖြင့် စက္ကူစာရွက်ပုံစံဖြင့် တည်ရှိနေသော်လည်း တိပ်များ၊ ဖလင်များ၊ စီဒီများ၊ အယ်(လ်)ဘမ်များ စသည့်ပုံစံအမျိုးမျိုးဖြင့်လည်း တည်ရှိနိုင်ပါသည်။ အမျိုးအစားမည်သို့ပင်ကွဲပြားစေကာမူ ၎င်းတို့ကို နှစ်ကာလကြာမြင့်စွာ တည်ရှိနေနိုင်ရန် မှန်ကန်သောနည်းစနစ်များဖြင့် ထိန်းသိမ်းခြင်းသည် မော်ကွန်းတိုက်တစ်ခု၏ အဓိကတာဝန်ပင်ဖြစ်သည်။*

*ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကို ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ပြဋ္ဌာန်းခဲ့ပြီး ၎င်းဥပဒေ၏အခန်း (၄) ပုဒ်မ (၆) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် အစိုးရဌာနများမှ မှတ်တမ်းများကို လွှဲပြောင်းလက်ခံရယူလျက်ရှိပြီး လက်ခံရရှိထားသော မှတ်တမ်းများကို ဥပဒေ၏အခန်း(၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဖွဲ့စည်းထားသည့် မော်ကွန်းပညာရှင်များ ပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့မှ လုံခြုံမှုအဆင့်နှင့် သက်တမ်းအလိုက် စိစစ်၍မော်ကွန်း၊ မှတ်တမ်း ဖြစ်သင့်မသင့် ခွဲခြားစိစစ်ပြီး မော်ကွန်းအဖြစ် သတ်မှတ်သင့်ကြောင်း တွေ့ရှိပါက မော်ကွန်းတိုက်တွင် ထိန်းသိမ်းထားရှိလျက်ရှိပါသည်။*

*ထိန်းသိမ်းထားရှိမှုအပိုင်းတွင် ရှေးဦးစွာ အကြောင်းအရာများအလိုက် မှတ်တမ်းများကို ခွဲခြား၍ ၎င်းနောက် ယင်းမှတ်တမ်းများကို သက္ကရာဇ်အလိုက်ပြန်လည်စီစဉ်ကာ စနစ်တကျ ထိန်းသိမ်းထားရှိလျက်ရှိသည်။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် ဝန်ကြီးဌာနများမှ မှတ်တမ်းများသာမက လူပုဂ္ဂိုလ်တစ်ဦးချင်းစီမှသော်လည်းကောင်း၊ အခြားအဖွဲ့အစည်းများမှ သော်လည်းကောင်း သမိုင်းဝင်မော်ကွန်းများဖြစ်သည့် မှတ်တမ်းများ၊ ဓာတ်ပုံများ၊ တိပ်များ ပေးပို့လှူဒါန်းခြင်းများကိုလည်း ကျေးဇူးတင်စွာဖြင့် လက်ခံရယူလျက်ရှိပါသည်။ ပြည်သူများအနေဖြင့် မိမိတို့လက်ဝယ်တွင် ထိန်းသိမ်းထားခြင်းထက် မော်ကွန်းမှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ပေးပို့ထိန်းသိမ်းစောင့်ရှောက်စေခြင်းသည် ၎င်းမော်ကွန်းမှတ်တမ်းများ၏ သက်တမ်းကို ပိုမိုကြာရှည်စွာ ထိန်းသိမ်းထားနိုင်မည့်အပြင် သမိုင်းမှတ်တမ်းများကို လေ့လာကြည့်ရှုလိုသူ၊ ရည်ညွှန်းကိုးကားအသုံးပြုလိုသူ နောင်လာမည့် မျိုးဆက်သစ်များအတွက်လည်း သမိုင်းမှတ်တမ်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း လေ့လာနိုင်ကြမည်ဖြစ်သည်။*

*သို့ဖြစ်ပါ၍ ကျွန်မတို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွက် အလွန်ပင် သမိုင်းတန်ဖိုးကြီးမြင့်လှသလို နောင်လာမည့် မျိုးဆက်များအတွက်လည်း သမိုင်းတန်ဖိုးကြီးမြင့်လှသော မော်ကွန်း(သို့မဟုတ်) စစ်မှန်သော သမိုင်းမှတ်တမ်းများကို ပေးပို့လှူဒါန်းလိုသူများသည် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် ဦးစီးဌာန တည်ရှိရာ အမှတ်(၁၁၄) ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့နှင့် ရုံးအမှတ်(၃၂) နေပြည်တော်သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်လိုက်ရပါသည်။ ။*



ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်ရဲတပ်ဖွဲ့၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းရှိန်က ကျောင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

**ရှမ်းပြည်နယ် တုံ့ဂျပူရီ စီးလုံးငှား သုံးဘီးဆိုင်ကယ်အသင်း ဖွင့်ပွဲအခမ်းအနားကို မေ ၃၁ ရက်က အဆိုပါ အသင်းရုံးရှေ့၌ ကျင်းပရာ ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးနှင့် သုံးဘီးဆိုင်ကယ် အသင်းတာဝန်ခံ ဦးစိုင်းဟွမ်နွဲ့တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။**

(မြန်မာ့အလင်း)

# အခြေခံမီးငြိမ်းသတ်နည်း သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အခြေခံမီးငြိမ်းသတ်နည်း သင်တန်းအမှတ်စဉ် (၁/၂၀၁၂)ဆင်းပွဲကို ဇွန် ၆ ရက် နံနက် ၁၀ နာရီက အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက သဘာဝ ဘေးအန္တရာယ်များအနက် မီးလောင်ကျွမ်းမှုသည် အဖြစ်အများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်သကဲ့သို့ မီးလောင်ကျွမ်းမှုများ ဖြစ်ပွားပါကလည်း စနစ်တကျငြိမ်းသတ်နိုင်ရေးအတွက် အခြေခံမီးငြိမ်းသတ်နည်းကို သိရှိနားလည်ထားကြရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းပြောကြားကာ သင်တန်းတွင် ထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး မီးသတ်ဦးစီးဌာနမှ သင်တန်းနည်းပြများအတွက် ဂုဏ်ပြုလက်ဆောင်များကို ကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရုံးအဆောက်အအုံရှေ့၌ သင်တန်းသားဝန်ထမ်းများ၏ မီးငြိမ်းသတ်နည်း သရုပ်ပြမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အဆိုပါ သင်တန်းသို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းသင်တန်းသား သင်တန်းသူ ၃၀ တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပေါင်းတည်မြို့၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပေါင်းတည် ဇွန် ၉**

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၇ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့ မြို့နယ်အားကစားကွင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇမ်ဆွမ်းခိုင်က ၂၀၁၂ ခုနှစ် မိုးရာသီတွင် ကျေးလက်ဒေသ အိမ်ရာထူထောင်ရေးအတွက် တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ တစ်ရွာတစ်ဧက၊ ဆက်သွယ်ရေးလမ်းဘေးဝဲ/ယာတွင် စိုက်ပျိုးရန်အတွက် စုစုပေါင်းအပင် ၁၃၀၀၀၀ကို ပြည်သူများသို့ ဖြန့်ဝေစိုက်ပျိုးသွားမည့် အစီအစဉ်ကို ပြောကြားပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်ထံ ပျိုးပင်များဖြန့်ဝေပေးခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသူများက ကျွန်း၊ ယူကလစ်၊ ခရေ၊ စိန်ပန်းစသည့် အပင်ပေါင်း ၂၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



# စာကြည့်တိုက်သို့ စာအုပ်စာစောင်လှူဒါန်း

**ပုသိမ် ဇွန် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် မိုးကုတ်ကျေးရွာရှိ ဆာမယ်ထော်စာကြည့်တိုက်အတွက် စာအုပ်စာစောင်လှူဒါန်းပွဲကို မေ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇော‌နှင့် ပုသိမ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ဦးတို့က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် စာအုပ်စာစောင်နှင့် ရေဒီယိုတို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ အဆိုပါ စာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ မတည်ငွေကျပ် ၁၀ သိန်း၊ ကျေးရွာ ပြည်သူများထည့်ဝင် ငွေကျပ် ၁၀သိန်း စုစုပေါင်း ငွေကျပ်သိန်း ၂၀ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မိုင်းခတ်မြို့၌ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

**မိုင်းခတ် ဇွန် ၉**

မိုင်းခတ်မြို့နယ်၏ ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီက မိုင်းခတ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝေက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးရုံးမှ ဦးစီးအရာရှိ ဦးဇော်လင်းသိန်းက စီမံကိန်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီးနောက် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**မိုးမောက် ဇွန် ၉**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အထကကျောင်း ပညာရတနာခန်းမ၌ မေ ၂၉ ရက် နံနက် ၉နာရီခွဲက ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်မလန်ရွှယ်က ကျောင်းအပ်နှံရေးနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုးမောက်မြို့နယ်အတွင်းရှိ ကျောင်းနေရန်အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ငွေကျပ် ၁၂၁၀၀၀၊ ဗလာစာအုပ် ဒါဇင် ၆၀၊ ဘောပင် ၁၀ဒါဇင်၊ ခဲတံ ၁၄ ဒါဇင်၊ ပေတံ ခုနစ်ဒါဇင်တို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်ပညာရေးမှူးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ပညာရေး)**

# နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၉**

မိုးပွင့်အဆင့်(၃)စီမံချက်အရ တောင်ဥက္ကလာပမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဇွန် ၆ ရက် နံနက် ၁၀ နာရီခွဲက တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် အောင်ဗောဓိမ္မာရုံ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ မြို့နယ်ဦးစီးဌာနမှူး ဦးရွှေဝင်းနှင့် ဝန်ထမ်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးရဲထွန်းဦး၊ အရှေ့ပိုင်းခရိုင်ဦးစီးဌာနမှူး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မိုးတို့ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

**(မြို့နယ် လဝက)**



# ဒလမြို့၌ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

**ရန်ကုန် ဇွန် ၉**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီခွဲက သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကား ပြောကြားပြီးနောက် တက္ကသိုလ်အဆင့်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့် ပညာသင်ကြားနေသော ဝန်ထမ်းသားသမီး ၃၀ အား ပညာသင်စရိတ်ထောက်ပံ့ကြေး စုစုပေါင်းငွေကျပ် ၁၉၂၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနုလမ်း၊ အမှတ် ၂၃၊ အခန်း ၄၀၂နေ
ဦးခင်မောင်ထွေး(Wallem Shipmanagement)-ဒေါ်မြင့်မြင့်မော်တို့၏ သားကြီး
**မောင်ဂျွန်ကိုကိုထွေး**
**2nd Mate(F.G), Wallem Shipmanagement**
နှင့်
ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၁၂ နေ
[ဦးအောင်မြင့်ဦး(ခ)တက္ကသိုလ်မောင်ငြိမ်းသူ]-ဒေါက်တာသီ'ဂီကျော်
(ကျောင်းအုပ်ကြီး၊ အထက-၂၊ လသာ)တို့၏ သမီးငယ်
**မကေဇင်ကိုဦး**
**1st Yr. B.A (Eng:), IDCS**
တို့သည် ၉-၆-၂၀၁၂ရက် (စနေနေ့)တွင် နှစ်ဖက်သောလူကြီးမိဘတို့၏ သဘောတူညီချက်အရ Chatrium Hotel ၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဂျွန်ကိုကိုထွေးနှင့် မကေဇင်ကိုဦး**


ကျွန်ုပ်တို့ ကူညီပေးပါရစေ ------ အမြို့မြို့အနယ်နယ်ရှိ
ကြော်ငြာဆိုင်းဘုတ်များ(ဆိုက်မျိုးစုံ) - ငှားရန်ရှိပါသည်
ဆက်သွယ်ရန် → 09-5119552 09-5119553 09-5119554 09-73073112


## အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ပစ္စည်းများအား ရန်ကုန်မှ စီမံကိန်းနေရာများသို့ ပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။
၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၁-၆-၂၀၁၂ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၅-၆-၂၀၁၂ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂**

## အများသိစေရန် သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်မျိုးအောင်လမ်း၊ အမှတ် ၈/၁၀၅ ဃ ဟုခေါ်တွင်သောအကျယ်အဝန်း အလျားပေ၆၀×အနံပေ၂၀ရှိ မြေကွက်နှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးညွန့်ဌေး ၁၂/အစန(နိုင်)၀၇၆၃၈၃နှင့် ဇနီးဒေါ်မြမြဝင်း ၁၄/ဓနဖ (နိုင်)၀၂၀၇၀၅ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူ ဦးမြသန်း ၁၁/မတန(နိုင်)၀၀၀၈၆၀ က အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ၂၇-၅-၂၀၁၀ရက်တွင် တန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀(ကျပ်သိန်းတစ်ရာ့နှစ်ဆယ်တိတိ)ဖြင့် ဝယ်ယူရန် တန်ဖိုးငွေအားလုံး အပြေအကျေပေးချေထားပြီး ဖြစ်ပါသည်။ ရောင်းချသူများက ၃၁-၁၂-၂၀၁၀ရက်နောက်ဆုံးထား၍ အိမ်ခြံမြေကို ဝယ်သူသို့ လက်ရောက်လွှဲပြောင်းပေးအပ်ရန် ကတိပြုခဲ့သော်လည်း လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် ဝယ်သူက တရားဥပဒေအတိုင်းဆောင်ရွက်တော့မည် ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေကို ဦးမြသန်း၏တရားဝင်သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်း၊ အာမခံတင်သွင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့မပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်လွင်(ADVOCATE) B.Com (A.A), D.E.P,R.L၊ တရားလွှတ်တော်ရှေ့နေ(၂၈၅၉)**
**အမှတ် ၁၉၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၂၉၇၈၃၀၊ ၂၉၄၇၄၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးသော်နောင်နောင်လှ၏ဒုတိယတန်းရေယာဉ်အုပ်လက်မှတ် အမှတ်ဆဒ.၀၃၆/၀၈သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၀၀၀၈၁၃**

## အမည်မှန်

တပ်ကုန်းမြို့၊ ထန်းတောကြီးရွာနေ ဦးညွန့်၏သား ဦးမောင်ထွေး၏ အမည်မှန်မှာ ဦးခင်မောင်ထွေး ၉/တကန(နိုင်)၀၃၃၀၂၇ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ထွေး**

## ဖခင်အမည်မှန်

ဇေယျာသီရိမြို့နယ်၊ ရေဆင်း အထက(၄) ကျောင်းဝင်အမှတ် က-၅၂၇၀ ဆဋ္ဌမတန်း(A)မှ မမေသက်ထားဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းဦး ၉/ပမန(နိုင်)၁၂၉၄၄၉ဖြစ်ပါသည်။

## ကားငှားလိုသည်

Light Truck
မြို့တွင်း၌သာသုံးရန်
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ
(ပွဲစားမလို)
**ဆက်သွယ်ရန်-**
**ဖုန်း-၀၁-၆၆၁၀၈၈၊ ၀၁-၆၅၅၇၂၁၊ ၀၉-၅၀၀၁၀၃၆၊ ၀၉-၅၁၁၉၅၅၉**




စိန်ဂေဟာ
(သိမ်ကြီးဈေး)

သနပ်ခါးလိမ်းထားတဲ့ အလှထက် ...................... ပိုတဲ့အလှမရှိ

ရွှေပြည်နန်းမှရရှိထားသောနိုင်ငံတကာအသိအမှတ်ပြု ဆုတံဆိပ်နှင့်အရည်အသွေးဆိုင်ရာလက်မှတ်များ

2008 Global Excellence Awards
2008 People's Choice Awards
BFAD Philippines
Halal Certificate
FDA (Thailand)
PSB Singapore

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

e-mail:thanakha@myanmar.com.mm, Website:www.shwepyinann.com

## မွေးနေ့ဆုတောင်း

ဖေဖေ၊ မေမေတို့၏ အရိပ်အမြုံလေးထဲသို့ ရောက်ရှိအောင် ကြိုးပမ်းခဲ့ရသော သားမြတ်ရတနာလေး သား **မောင်သွန်းမြတ်ထူး** ၁၀-၆-၂၀၁၂ရက်တွင် ကျရောက်သော (၁)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ဖေဖေ၊ မေမေတို့နှင့်အတူ ကိုယ်စိတ်နှစ်ပါး အေးချမ်းစွာ ယှဉ်တွဲနေထိုင်ရင်း ဘာသာ၊ သာသနာအကျိုး၊ နိုင်ငံအကျိုး၊ အများအကျိုး ရွက်ဆောင်နိုင်သည့် သားကောင်း၊ သားမြတ်၊ သားရတနာ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်ဖေဖေ - ဦးမောင်မောင်ဆန်းဦး**

**ချစ်မေမေ-ဒေါ်ခင်ဖြူဖြူအောင်**

(သားမြတ်ရတနာလေး ရရှိအောင် ဆောင်ကြဉ်းပေးခဲ့ပါသော ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဗန်ကောက်ဆေးရုံကြီး Fertility Centre မှ ဆရာဝန်၊ သူနာပြုများအား ယနေ့တိုင် အထူးကျေးဇူးတင်ရှိနေဆဲ ဖြစ်ပါကြောင်း။)






## ကားရောင်းမည်

Celsior၊ ပစ္စည်းစုံ၊ grade မြင့်၊ 4B၊ ကျပ်သိန်း ၂၅၀၊

Crown 2004 mdl, 32000 Km, 4B၊ ကျပ်သိန်း ၃၅၀၊

Insight, 2009 mdl, 17000 Km, 5A၊ ကျပ်သိန်း ၂၂၀၊

ဖုန်း-၀၉-၅၁၂၄၇၆၅

## အမည်ပြောင်း

ဦးမျိုးအောင်ဇင်၏သား သာယာဝတီမြို့နယ် သုံးဆယ်မြို့၊ မြို့မအလက စတုတ္ထတန်းမှ မောင်ဘုန်းကြယ်စင်အား မောင်စွမ်းပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။

မောင်စွမ်းပြည့်စုံ

## ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ၃၁ လမ်း၊ အမှတ် ၂၀/၂၁(A)၊ ဟေလာဆန်ပွဲရုံပိုင်ရှင် ဦးထွေးမြင့်-ဒေါ်ခင်ကြည်ကြည်တို့၏ သား မောင်အောင်ပြည့်ပြည့်(ခ)အားဖူသည် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ အထက(၁၄)တွင် မနတ-၁၁၂၀ ခြောက်ဘာသာဂုဏ်ထူးဖြင့် တက္ကသိုလ်ဝင် စာမေးပွဲကို အောင်မြင်သွားသောကြောင့် ဝမ်းမြောက်ပီတိဂုဏ်ယူမိပါကြောင်း-

ဘဘ - ဦးအောင်မြင့်-ဒေါ်ကျင်ငွေး၊

ဘဘ - ဦးဝင်းနိုင်-ဒေါ်စန်းစန်းနု၊

ဦးလေး - ဦးအောင်နိုင်ထွန်း-ဒေါ်စန်းစန်းအေး







## မွေးနေ့ဆုတောင်း

ချစ်ဇနီးလေး မေသူဦး၏ ၁၀-၆-၂၀၁၂ ရက်တွင် ကျရောက်သော (၃၃)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း(၁၀၀)တိုင်အောင် ဆန္ဒနှင့်ဘဝ ထပ်တူကျပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးရင်း ဘဝခရီးကို မိသားစုနှင့်အတူ သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ပါစေ-

**ချစ်ခင်ပွန်း-ဗိုလ်ကြီးကိုကိုအောင်**

**အချစ်ဆုံးသမီးလေး-ယွန်းဘုဏ်းပြည့်သျှန်**




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၅)၊ လူနေရပ်ကွက် အမှတ်(၅)၊ ပါရမီလမ်း၊ မြေကွက်အမှတ် ၂၂(ခ)၊ မြေအကျယ် ပေ၂၀xပေ၆၀ (ဧရိယာ ၁၂၀၀စတုရန်းပေ)ရှိ ယခုရောင်းချသူဦးတင်ဝင်း အမည်ပေါက် နှစ်၆၀ ဂရန်မြေနှင့် ယင်းဂရန်မြေကွက်ပေါ်ရှိ နေအိမ်ဥပစာအမှတ် ၂၂/ခ ဟုခေါ်တွင်သော မြေနှင့်အိမ်တို့ကို အမည်ပေါက် ဦးတင်ဝင်း ၁၂/ဥကတ(နိုင်)၀၄၂၆၀၈၊ အမှတ် ၁၄၂၊ ၁ လမ်း၊ ကေတုမာလာ ၁ လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သက်စုလင်းက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်းကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အိမ်ခြံမြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မြတ်မြတ်သိမ်း** | **ဦးကျော်ဆန်း** |
| **LL.B** | **LL.B (Advocate)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၂၆၉၇၀** | **(၄၂၇၆/၈၇)** |

**ရုံးခန်းအမှတ်(၆)၊ သုမနလမ်း၊ ၅ ရပ်ကွက်၊ မြို့နယ်တရားရုံးဝင်း၊ သာကေတမြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၄၂၅၂၇**

## ကုမ္ပဏီရုံးခန်း ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Alpha Channel Co., Ltd. ၏ ရုံးခန်းအား (၄၃/၇)၊ အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်မှ အမှတ်(၁၈/C)၊ ကမ္ဘောဇရိပ်သာ၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်သို့ ရုံးအသစ်ပြောင်းရွှေ့ဖွင့်လှစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာမှာ - ဖုန်း - ၀၁-၅၃၄၄၁၂၊ ၀၁-၅၃၁၀၀၆၊ ၀၁-၆၄၁၃၂၈၁၊

ဖက်စ် - ၅၃၁၀၀၆




10-6 (14).pmd 1 6/10/2012, 2:53 AM

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား၊ ပုထိုး၊ စေတီများအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇွန် ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့်ဇနီး၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့်ဇနီး၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာလာကြရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးလေဆိပ်သို့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြသည်။ ***စာမျက်နှာ ၃ ကော်လံ ၁ ✻***



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

## မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် ယနေ့နံနက်ပိုင်းမှစ၍ အခြေအနေများ မူလအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းသွားပြီဖြစ်

### တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် သက်ဆိုင်ရာကနှိုးဆော်

နေပြည်တော် ဇွန် ၉

**ရခိုင်ပြည်နယ် မောင်တောမြို့၌ ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုများသည် နိုင်ငံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေသည့်အတွက် အခြေအနေအားလုံးကို အချိန်မီထိန်းသိမ်းပြီး ဒေသရပ်ရွာတည်ငြိမ်အေးချမ်းမှုရရှိစေရေးအတွက် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် ပုဒ်မ ၁၄၄ ထုတ်ပြန်၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။**

နယ်မြေခံရဲတပ်ရင်း၊ ရဲတပ်ဖွဲ့တို့မှလည်း ဆူပူမှုများအား ခြောက်လှန့်ဖြိုခွဲ၍ အခြေအနေကို ထိန်းသိမ်းခြင်း၊ ရှို့မီးများအား ငြိမ်းသတ်ခြင်း၊ ဒေသခံပြည်သူတို့၏ လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိသည်။

ယမန်နေ့ ညနေပိုင်းနှင့် ညပိုင်းဖြစ်စဉ်များအရ ဆူပူအကြမ်းဖက်သူများသည် မောင်တောမြို့မှ ၁၂ မိုင်ခန့် ကွာဝေးသည့် ဝေါ်ဒူသာရကျေးရွာအုပ်စု သရေကုန်ဘောင်ရွာကို မီးရှို့ဖျက်ဆီးပြီး ပစ္စည်းလုယက်မှုများ ကျူးလွန်ခဲ့ကြောင်းနှင့် အဆိုပါဖြစ်စဉ်တွင် ကျောင်းဆရာကြီး ဦးချမ်းသာ အပါအဝင် သုံးဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အလားတူ ညောင်ချောင်း ကျေးရွာအုပ်စု ရွှေရင်အေးကျေးရွာကိုလည်း မီးရှို့ဖျက်ဆီးပြီး ပစ္စည်းလုယက်မှုများ ကျူးလွန်ခဲ့ကြောင်း၊ အလားတူ ဗောဓိကုန်းကျေးရွာ၊ ကင်းချောင်းရွာ၊ ကန်သာယာရွာ၊ ကန်ပြင်သာစည်ရွာ၊ ဝေသာလီရွာ၊ မောရဝတီရွာများကို ဝင်ရောက်မီးရှို့ခဲ့သည့်အတွက် အိမ်ခြေအများအပြား မီးလောင်ကျွမ်းပျက်စီးခဲ့ကြောင်း။

ထို့ပြင် မောင်တောမြို့ ရပ်ကွက်(၄)၊ ရပ်ကွက်(၅)၊ အောင်ဗလရွာ၊ ဥဒေါင်းရွာ၊ ပြသားရွာတို့ကိုလည်းကောင်း၊ ဘူးသီးတောင်မြို့ အမှတ်(၅)ရပ်ကွက်နှင့် ရွာမရွာတို့ကိုလည်းကောင်း ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးရန် ကြိုးပမ်းခဲ့သော်လည်း နယ်မြေလုံခြုံရေးတပ်ဖွဲ့များမှ အချိန်မီ ထိန်းသိမ်းကာကွယ် တားဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဆူပူအကြမ်းဖက်မှုများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူတို့၏ လုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်းများကို အလေးထားဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယနေ့ နံနက်ပိုင်းမှစ၍ အခြေအနေများ မူလအတိုင်း ပြန်လည် တည်ငြိမ်အေးချမ်းသွားပြီဖြစ်ကြောင်း သိရှိရသည်။

ယမန်နေ့က ဖြစ်စဉ်များ၌ စုစုပေါင်းသေဆုံးသူ ခုနစ်ဦး၊ ဒဏ်ရာရရှိသူ ၁၇ ဦးရှိခဲ့ပြီး အိမ်ခြေ ၄၉၄ လုံး၊ ဈေးဆိုင် ၁၉ ခန်းနှင့် တည်းခိုခန်း တစ်ခန်းတို့ ပျက်စီးဆုံးရှုံးခဲ့သည်။

အဆိုပါ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ၊ ပျက်စီးဆုံးရှုံးမှုများအပေါ် သင်ခန်းစာရယူ၍ လက်ရှိရရှိထားပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဒေသခံပြည်သူများအတွက် မောင်တောမြို့တွင် ပရဟိတကျောင်း၊ အောင်မြေဗောဓိကျောင်း၊ ဗဟိုကျောင်းတို့၌ ကယ်ဆယ်ရေးစခန်း (၃)ခု ဖွင့်လှစ်ပြီး ကူညီစောင့်ရှောက်မှုပေးလျက်ရှိ၊ ဆေးဝန်ထမ်းများရောက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများ စတင်ဆောင်ရွက်ပေးနေပြီဖြစ်

**နေပြည်တော် ဇွန် ၉**

ယမန်နေ့က ရခိုင်ပြည်နယ် မောင်တောမြို့၌ ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများအပေါ် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့သည်ဖြစ်သည့်အတွက် ယနေ့နံနက်ပိုင်းမှစ၍ အခြေအနေများ မူလအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းလျက်ရှိပြီဖြစ်သည်။

အဆိုပါဖြစ်စဉ်များ၌ နေအိမ်များ မီးလောင်ဆုံးရှုံးခဲ့ပြီး လတ်တလော ဒုက္ခရောက်နေကြသည့် ဒေသခံပြည်သူများအတွက် မောင်တောမြို့တွင် ပရဟိတကျောင်း၊ အောင်မြေဗောဓိကျောင်း၊ ဗဟိုကျောင်းတို့၌ ကယ်ဆယ်ရေး စခန်း(၃)ခုဖွင့်လှစ်ပြီး ကူညီစောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ အဆိုပါ ကယ်ဆယ်ရေးစခန်းများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ရေးပစ္စည်း (၃ ဒသမ ၃)တန်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဘေထုပ်(၅၀) စုစုပေါင်း (၂)တန်ကျော် ပေးပို့ပြီးဖြစ်ကြောင်းနှင့် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ထိခိုက်ဒဏ်ရာရသူများနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဆေးဝန်ထမ်း (၃၂)ဦးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ အဖွဲ့ဝင် (၁၀)ဦးပါ ဆေးကုသရေးအဖွဲ့တစ်ဖွဲ့တို့ ယနေ့ရောက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများ စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်းလည်း သိရှိရသည်။

မောင်တောမြို့၏ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု အခြေအနေကောင်းများအား ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ဒေသခံပြည်သူများအား လိုအပ်သည့် ကူညီပံ့ပိုးစောင့်ရှောက်မှုများ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုနိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့ မောင်တောမြို့သို့ ရောက်ရှိကွပ်ကဲလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဥပဒေနှင့်အညီ တပ်မတော်စစ်ကြောင်းများက မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များရှိ အစိုးရအုပ်ချုပ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့များနှင့် ပူးပေါင်း၍ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၉**

၂၀၁၂ ခုနှစ် ဇွန် ၈ ရက်က ဆူပူအကြမ်းဖက်မှု ဖြစ်ပွားခဲ့သည့် မောင်တောနှင့်ဘူးသီးတောင်မြို့နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသခံပြည်သူများ၏ အသက်အန္တရာယ်လုံခြုံရေး ကာကွယ်စောင့်ရှောက်ပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်တို့အတွက် ဘူးသီးတောင်ဒေသရှိ နယ်မြေခံ တပ်မတော်တပ်ရင်းများသည် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်အတွင်းရှိ အစိုးရအုပ်ချုပ်ရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့များနှင့် ပူးပေါင်း၍ ဇွန် ၈ ရက် ည ၈ နာရီမှ စတင်ရောက်ရှိကာ ဖြစ်စဉ်ဖြစ်ပွားရာ နေရာ အသီးသီးတစ်ဝိုက် လိုအပ်သည်များအား ကူညီစောင့်ရှောက်ပေးလျက်ရှိပြီး ဇွန် ၉ ရက် နံနက်ပိုင်းမှစ၍ အခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သိရသည်။

တစ်ချိန်တည်း မှာပင် တပ်မတော်(ရေ)မှ စစ်ရေယာဉ်အချို့ကလည်း မောင်တောမြို့နယ် အနောက်ဘက် မြန်မာ့ရေပြင်ပိုင်နက်မှတစ်ဆင့် မသမာသူများ ဝင်ရောက်လာခြင်းမရှိရေး ဇွန် ၉ ရက် နံနက်ပိုင်းမှ စတင်၍ ကင်းလှည့်လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**